# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၈၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် ဧပြီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဧပြီ ၃ ရက်တွင် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဧပြီလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့တွင် အစည်းအဝေး တက်ရောက်သွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA က လာရောက်တွေ့ဆုံ

## ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA က နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လာရောက်တွေ့ဆုံပြီး ငလျင်ဘေးဒဏ်သင့် ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင် သဘာဝဘေးအန္တရာယ်

*စာမျက်နှာ ၃ ကော်လံ ၁ ➜*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA အား လက်ခံတွေ့ဆုံစဉ်။


ယနေ့ *ဖတ် စ ရာ*

ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက် — ထုတ်ပြန်ချက် စာ ၆

ငလျင်ဘေးကူညီကယ်ဆယ်ရေး လုပ်ဆောင်နေမှုများကို အခွင့်ကောင်းယူ၍ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာ — ထုတ်ပြန်ချက် စာ ၆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA က ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

❍ ရှေ့ဖုံးမှ

ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ကယ်ဆယ်ရေးပစ္စည်း ၁၄ မျိုးပါ ကျောပိုးအိတ် အလုံး ၅၀၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းဦးထုပ် အလုံး ၆၀ နှင့် လက်အိတ်တစ်ဖာတို့ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

**❍ နီပွန်ဖောင်ဒေးရှင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၃ သန်းနှင့် ညီမျှသည့် စားရေရိက္ခာများအပါအဝင် အခြားလိုအပ်သည့် ထောက်ပံ့ပစ္စည်းများအား ငလျင်ဒဏ်ခံစားနေရသော ပြည်သူများထံသို့ လှူဒါန်းသွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့ပေးခဲ့သည့် အခြေအနေများ၊ နိုင်ငံတကာမှ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ပေးအပ်လှူဒါန်းခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိသည့် အခြေအနေများ၊ နီပွန်ဖောင်ဒေးရှင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၃ သန်းနှင့်ညီမျှသည့် စားရေရိက္ခာများအပါအဝင် အခြားလိုအပ်သည့် ထောက်ပံ့ပစ္စည်းများအား ငလျင်ဒဏ်ခံစားနေရသော ပြည်သူများထံသို့ လှူဒါန်းသွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ငလျင်ဘေးသင့် ဌာနမှဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေး



**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နှင့် ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။(ဓာတ်ပုံ)

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး နေပြည်တော်ရှိ ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ အရေးပေါ်ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆေးရုံတက်လူနာ ၁၀၀၀ အတွက် အာဟာရဖြည့်စွက်စာနှင့် ရေသန့်ဘူးများ ထောက်ပံ့လှူဒါန်းခြင်းကို စေတနာရှင် အလှူရှင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဂျပန်နိုင်ငံ JICA မှ ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဂျပန်နိုင်ငံ JICA မှ ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများပါဝင်သော လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။

အဆိုပါအဖွဲ့နှင့် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများတွင် ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ မိုးကာတဲများ၊ ဆေးရုံသုံးပစ္စည်းများ ၁၁၂၉ ဒသမ ၁ ကီလိုဂရမ် ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းနိုင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အလှူပစ္စည်းများ လွှဲပြောင်း/လက်ခံရေးကွပ်ကဲမှုအဖွဲ့(လေဆိပ်)တို့မှ လွှဲပြောင်းရယူပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဆောလျင်စွာ သွားရောက်နိုင်ရေး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် ဧပြီ ၂

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမီရ်ပူတင်ကလည်းကောင်း၊ ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ အလက်ဇန်းဒရာ လူကာရှန်းကာကလည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr.Sonexay Siphandone က လည်းကောင်း၊ တာခ်မင်နစ္စတန်နိုင်ငံ သမ္မတ H.E Mr. Serdar Berdimuhamedov ကလည်းကောင်း၊ ဆေးရှဲလ်သမ္မတနိုင်ငံ သမ္မတ Mr. Wavel Ramkalawan ကလည်းကောင်း၊ အာရှငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းရေးကောင်စီဥက္ကဋ္ဌ Prof. Dr. Surakiart Sathirathai ကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဒီမီထရီ မက်ဗီဒက်ဗ်က လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ခရိုင်အုပ်ချုပ်ရေးမှူး Mr. A.A. Travnikov ကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Tsydenov ကလည်းကောင်း၊ ဂျပန်နိုင်ငံ ဂျပန်-မြန်မာယဉ်ကျေးမှု စက်မှုမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်အကြံပေး ဟီရိုမီချိ ဝါတာနာဘေ ကလည်းကောင်း၊ အရှေ့တောင်အာရှ Patriarchal Exarchate ၏ ဘုန်းတော်ကြီး Sergiy တို့က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ် အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ နောက်ဆက်တွဲ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များကြောင့် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ ရုရှားပြည်သူများသည် ဖော်ရွေသော မြန်မာပြည်သူများနှင့် ထပ်တူထပ်မျှဝမ်းနည်းရပါကြောင်း၊ ချစ်ခင်သူများ ဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များကို စာနာနားလည်ပါကြောင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်သူများအားလုံးကို အမြန်ဆုံး ပြန်လည်ကောင်းမွန်လာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအား များစွာဝမ်းနည်းကြေကွဲကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူပေါင်းများစွာ ထိခိုက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်သွားခဲ့သော ပြင်းထန်သည့် ငလျင်သတင်းအား ကြားသိရသည့်အတွက် များစွာဝမ်းနည်းကြေကွဲရပါကြောင်း၊ မြန်မာပြည်သူများ၏ဘဝ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့သည့် သတင်းကြောင့် များစွာ အံ့သြစိတ်မကောင်း ဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကပ်ဘေးဒုက္ခတွင် မိသားစုများ၊ မိတ်ဆွေများ ဆုံးရှုံးခဲ့ရသည့် မြန်မာပြည်သူများအားလုံးကို မိမိ၏ အလေးအနက်စိတ်မကောင်းမှုအား ဖော်ပြအပ်ပါကြောင်း၊ မိမိနှင့် အရှေ့တောင်အာရှ၏ အော်သိုဒေါ့ ခရစ်ယာန်အသင်းတော် (Patriarchal Exarchate) ကိုယ်စား မြန်မာပြည်သူများအားလုံးနှင့် အဆွေတော်အား ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းတို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီး ဖော်ပြထားကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

မြန်မာနိုင်ငံတွင် ၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မြေငလျင်ဒဏ်ကြောင့် မြန်မာပြည်သူများ အသက်ဆုံးရှုံးမှုများနှင့် ပစ္စည်းဥစ္စာပျက်စီးမှုများအတွက် ဝမ်းနည်းစွာဖြင့် ကြားသိရပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအား များစွာဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုပါသည်။

အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရ၏ စွမ်းစွမ်းတမံ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူများအနေဖြင့် ယခုအခက်အခဲဆုံးအချိန်ကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ငလျင်ဘေးသင့်နေရာများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဆုံဆိုင်းစီ ဖန်ဒုံ**
**ဝန်ကြီးချုပ်**
**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

**အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

မြန်မာနိုင်ငံရှိ နေရာအနှံ့အပြားတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရပြီး ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရခြင်းအပေါ် မိမိတို့အနေဖြင့် စိုးရိမ်ပူပန်မိပါကြောင်းနှင့် စိတ်ထိခိုက်ဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်တွင် မြန်မာပြည်သူများ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအတွက် မိမိတို့မှ ဆုတောင်းမေတ္တာပို့သလျက်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ဤကြေကွဲဖွယ် ဖြစ်ရပ်အပြီးတွင် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတကာအကူအညီများကို ဆောလျင်စွာ စုစည်းပေးအပ်နိုင်လိမ့်မည်ဟု မြန်မာပြည်သူများနှင့်အတူ မိမိတို့ မျှော်လင့်ပါသည်။

**ပရော်ဖက်ဆာ ဒေါက်တာ ဆူရာကီရတ်**
**ဆာထိရာထိုင်း**
**အာရှငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းရေးကောင်စီ**
**ယခင် ဒုတိယဝန်ကြီးချုပ်နှင့်**
**ယခင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**လေးစားအပ်ပါသော ဝန်ကြီးချုပ်ခင်ဗျား**

အဆွေတော်တို့နိုင်ငံကို ထိခိုက်စေခဲ့သည့် ပြင်းထန်သောငလျင် လှုပ်ခတ်ခဲ့သည့် သတင်းအား ကြားသိရသည့်အတွက် ဝမ်းနည်းရပါသည်။ ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာလူမျိုးများနှင့် အဆွေတော်အား စာနာထောက်ထားပါကြောင်း ဖော်ပြလိုပါသည်။

အသက်ဆုံးရှုံးခဲ့သော ပြည်သူများ ကောင်းရာမွန်ရာသို့ ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများလည်း အမြန်ဆုံးသက်သာပျောက်ကင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့အနေဖြင့် အဆွေတော်တို့နှင့်အတူ ရပ်တည်လျက်ရှိပြီး အဆိုပါဝမ်းနည်းဖွယ်ဖြစ်ရပ်မှ ပြန်လည်ကောင်းမွန်လာစေရေး၊ ကျော်လွှားနိုင်ရေးအတွက် ကူညီရန်အသင့်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မစ္စတာ တရာ့ဗနီကော့ဗ် အန်ဒရေ**
**အုပ်ချုပ်ရေးမှူး**
**နိုဗိုစီဗစ်ဒေသ**

**လေးစားအပ်ပါသော ဗိုလ်ချုပ်မှူးကြီးခင်ဗျား**

မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ပြင်းထန်သော ငလျင်လှုပ်ရှားမှုကြောင့် ပြည်သူပေါင်းများစွာ ထိခိုက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်းကို ပြောကြားလိုပါသည်။

ယခုကဲ့သို့ အခက်အခဲဆုံးအချိန်တွင် တာခ်မင်နစ္စတန်နိုင်ငံပြည်သူများနှင့် အစိုးရသည် ငလျင်ဒဏ်သင့်ခံရသော မိသားစုဝင်များနှင့် ငလျင်ဒဏ်ကြောင့် ချစ်ခင်သူများ သေဆုံးခဲ့ရသည့် မိသားစုများအပေါ် စာနာထောက်ထားပါကြောင်းကို ဖော်ပြအပ်ပြီး အတူတကွရပ်တည်လျက်ရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အစဉ်အမြဲ ချစ်ကြည်လေးစားလျက်ရှိပါသည်။

**ဆန်ဒါ ဘာဒီမူ့ဟန်မီဒို့**
**သမ္မတ**
**တာခ်မင်နစ္စတန်နိုင်ငံ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အဆွေတော်**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ လှုပ်ခတ်ခဲ့သော ပြင်းထန်မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်စေခဲ့သည့်အတွက် မိမိအနေဖြင့် စာနာထောက်ထားပါကြောင်းနှင့် များစွာဝမ်းနည်းကြေကွဲမိပါကြောင်း ဖော်ပြအပ်ပါသည်။

မိမိတို့အဖွဲ့အစည်းအနေဖြင့် ဂျပန်နိုင်ငံအစိုးရထံသို့ စာနာထောက်ထားမှုနှင့် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ ဆောလျင်စွာပေးအပ်နိုင်ရေး မေတ္တာရပ်ခံထားရှိပါသည်။ မြန်မာပြည်သူများ၏ဘဝ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

လေးစားလျက်

**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်**
**ဂျပန်-မြန်မာ ယဉ်ကျေးမှု၊ စက်မှုမြှင့်တင်ရေးအသင်း**
**ဟီရိုမီချိ ဝါတာနာဘေ၊ ဂုဏ်ထူးဆောင်အကြံပေး**
**ဖူမီအို အူဆူအီ၊ ဥက္ကဋ္ဌ**
**နာအိုဟီကို တကာခု၊ ညွှန်ကြားရေးမှူး**

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

**လေးစားအပ်ပါသော ဝန်ကြီးချုပ်ခင်ဗျား**

စစ်ကိုင်းတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လှုပ်ခတ်ခဲ့သော ငလျင်၏ နောက်ဆက်တွဲ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များကြောင့် မိမိအနေဖြင့် များစွာစိတ်မကောင်း ဖြစ်ရပါသည်။

ရုရှားပြည်သူများသည် ဖော်ရွေသော .. မြန်မာပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။ ငလျင်ဒဏ်ကြောင့် ချစ်ခင်ရသူများဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များကို စာနာနားလည်ပါကြောင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်သူများအားလုံးကို အမြန်ဆုံးပြန်လည်ကောင်းမွန်လာပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

**ဗီ ပူတင်**

**လေးစားအပ်ပါသော ဗိုလ်ချုပ်မှူးကြီးခင်ဗျား**

မြန်မာနိုင်ငံ၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပြင်းထန်သော ငလျင်လှုပ်ရှားမှု ကြောင့် လူပေါင်းများစွာသေဆုံးမှုများနှင့် အပျက်အစီးများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်မိရပါသည်။

ငလျင်ဒဏ်ခံစားခဲ့ရသည့် မိသားစုဝင်များနှင့် ငလျင်ဒဏ်ကြောင့် ချစ်ခင်သူများ ဆုံးရှုံးခဲ့ရသည့် မိသားစုများအပေါ် စာနာသက်ညှာမှုကို ဖော်ပြအပ်ပြီး ထိခိုက်ဒဏ်ရာရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဒီ.ကေ. မက်ဒီဗယ်**
**ဒုတိယဥက္ကဋ္ဌ**
**လုံခြုံရေးကောင်စီ**
**ရုရှားဖက်ဒရေးရှင်း**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**အဆွေတော်**

မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်သွားခဲ့သော ပြင်းထန်သည့် ငလျင်သတင်းအား ကြားသိရသည့်အတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

ဆေးရှဲလ်သမ္မတနိုင်ငံ၊ အစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကို ဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ထိခိုက်ခံစားရသူများနှင့် ဝမ်းနည်းပူဆွေးနေသော မိသားစုများအား ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။

ယခုလို ခက်ခဲသည့်အချိန်ကာလတွင် မြန်မာပြည်သူများနှင့်အတူ မိမိတို့ အတူတကွ ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မစ္စတာ ရေဗယ် ဝရမ်ကာလဝမ်**
**သမ္မတ**
**ဆေးရှဲလ်သမ္မတနိုင်ငံ**

**အဆွေတော်**

လူအများအပြားသေဆုံးခဲ့ပြီး ပစ္စည်းအများအပြား ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သော မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဖြစ်ပွားမှုကို ဘယ်လာရုစ်နိုင်ငံက ကြားသိရသည့်အတွက် အလွန်ပင်ဝမ်းနည်းမိပါသည်။

မိမိနှင့် မိမိ၏ လုပ်ဖော်ကိုင်ဖက်များကိုယ်စား အဆွေတော်၊ သဘာဝဘေးအန္တရာယ် ငလျင်ဒဏ်ခံစားရသည့် ပြည်သူများ၏ မိသားစုများနှင့် သက်ရှင်ကျန်ရစ်သူများကို စာနာထောက်ထားကြောင်း ဖော်ပြလိုပါသည်။

ယခုကဲ့သို့ ခက်ခဲသည့်အချိန်ကာလတွင် မြန်မာနိုင်ငံခေါင်းဆောင်များ၊ မြန်မာပြည်သူများနှင့် အတူတကွရှိနေပြီး ထိခိုက်ဒဏ်ရာရရှိသူများ ဆောလျင်စွာ ပြန်လည်ကျန်းမာလာစေရေးနှင့် တည်ငြိမ်မှုများရရှိစေရေးတို့အတွက် ဆုတောင်းမေတ္တာ ပို့သလျက်ရှိပါသည်။

**အလက်ဇန်းဒရာ လူကာရှန်းကာ**

**လေးစားအပ်ပါသော အဆွေတော်ဝန်ကြီးချုပ်**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့သည့်သတင်းကြောင့် များစွာအံ့သြစိတ်မကောင်းဖြစ်ရပါသည်။ ယခုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကပ်ဘေးဒုက္ခတွင် မိသားစုများ၊ မိတ်ဆွေများ ဆုံးရှုံးခဲ့ရသည့် မြန်မာပြည်သူများအားလုံးကို မိမိ၏ အလေးအနက်စိတ်မကောင်းမှုအား ဖော်ပြအပ်ပါသည်။ မိမိနှင့် အရှေ့တောင်အာရှ၏ အော်သိုဒေါ့ ခရစ်ယာန် အသင်းတော် (Patriarchal Exarchate)ကိုယ်စား မြန်မာပြည်သူများအားလုံးနှင့် အဆွေတော်အား ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာ ပြန်လည်ကောင်းမွန်ပါစေကြောင်းနှင့် သဘာဝဘေးအန္တရာယ် အလွန်ကာလအခြေအနေများကို ကောင်းမွန်စွာကျော်လွှားရန် ခွန်အားများရရှိပါစေကြောင်း ဖော်ပြအပ်ပါသည်။

**ဘုန်းတော်ကြီး ဆာဂျီ**
**အရှေ့တောင်အာရှ သင်းအုပ်ဆရာတော်**

**လေးစားအပ်ပါသော အဆွေတော်**

မိမိနှင့် ဘူရားတီးရားပြည်နယ်၊ ပြည်သူများကိုယ်စား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းအပေါ် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

ဘူရားတီးရားပြည်နယ်နှင့် မြန်မာနိုင်ငံ၊ ဒေသများအကြား ကာလရှည်ကြာစွာရှိသည့် ဆက်ဆံရေးမှာ နှစ်ဖက်အပြန်အလှန်နားလည်မှုနှင့် လေးစားမှုအပေါ် အခြေခံပါသည်။ မိမိတို့အချင်းချင်း ထိတွေ့မှုများမှတစ်ဆင့်ရရှိသည့် ပွင့်လင်းပြီးအပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှု အခြေအနေအား အသိအမှတ်ပြုပါသည်။

ကွယ်လွန်သူများ၏ ကောင်းမွန်သည့် အမှတ်တရဖြစ်စဉ်များသည် ရုရှားနှင့် မြန်မာပြည်သူများကို စည်းလုံးညီညွတ်မှု၊ ရဲစွမ်း သတ္တိရှိမှုနှင့် ခွန်အား ဖြစ်စေမည်ဖြစ်ပါသည်။

မိမိတို့၏ စည်းလုံးညီညွတ်မှုနှင့် အားပေးထောက်ခံမှုများကို ပေးအပ်လိုပြီး ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် မိမိတို့မှာ အဆွေတော်တို့နှင့်အတူတကွ ရှိနေပါကြောင်း ဖော်ပြအပ်ပါသည်။

**မစ္စတာ အလက်စီ စီဂျယ်နော့ဗ်**
**ဘူရားတီးရားပြည်နယ်အကြီးအကဲ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပအလုပ်အကိုင်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

## သီရိလင်္ကာအစိုးရနှင့် ပြည်သူများက ငလျင်ဒဏ်ခံစားရသည့် မြန်မာပြည်သူများအတွက် အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်း

**ဗန်ကောက် ဧပြီ ၂**

(ဖ)ကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပအလုပ်အကိုင်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာရွန် ဟီမချန်ဒရာကို ဧပြီ ၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်း**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီးနောက် မြန်မာအစိုး၏ ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ရှင်းလင်းပြောကြားသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် သီရိလင်္ကာအစိုးရနှင့် ပြည်သူများက ငလျင်ဒဏ်ခံစားရသည့် မြန်မာပြည်သူများအတွက် အမေရိကန်ဒေါ်လာ တစ်သန်းလှူဒါန်းပြီး ကျန်းမာရေးစောင့်ရှောက်ရေးအတွက် ဆေးကုသရေးအဖွဲ့တစ်ဖွဲ့ကို ဆေးဝါးပစ္စည်းများနှင့်အတူ စေလွှတ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

သီရိလင်္ကာနိုင်ငံနှင့် အခြားနိုင်ငံများမှ လူသားချင်းစာနာထောက်ထားရေးအကူအညီ၊ ဆေးအဖွဲ့နှင့် ကယ်တင်ရေးအဖွဲ့များ မြန်မာနိုင်ငံသို့ ပေးပို့စေလွှတ်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။ မြန်မာနှင့် သီရိလင်္ကာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မာရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်**
**(မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်)**
**၂၀၂၅ ခုနှစ် ၊ ဧပြီ ၂ ရက်**

၁။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၂) ကြိမ် ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

၂။ လက်ရှိအချိန်တွင် မတ် ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ လမ်းတံတား၊ အဆောက်အဦများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့် လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်လိုက်သည်။

၄။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့် ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုအား ကာကွယ်သောအားဖြင့် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ငလျင်ဘေးကူညီကယ်ဆယ်ရေး လုပ်ဆောင်နေမှုများကို အခွင့်ကောင်းယူ၍ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာ

**နေပြည်တော်၊ ၂၀၂၅ ဧပြီ ၂ ရက်**

၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ၌ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြည်သူလူထုများ ပြင်းပြင်းထန်ထန် ထိခိုက်ခံစားခဲ့ရပြီး အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလကူညီကယ်ဆယ်သူများသည် ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လက်တွဲကာ ဘေးသင့်ပြည်သူများအား လူမျိုးဘာသာ၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ အရောင်အသွေးကင်းစွာဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား နေ့မနားညမအား အင်တိုက်အားတိုက် ဆောင်ရွက်နေရသည့်အတွက် လုံခြုံရေးလုပ်ငန်းများ အားနည်းနေမှုကို အခွင့်ကောင်းယူကာ လူမဆန်စွာဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံတစ်ခုအား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း၊ အင်အားအနည်းငယ်သာရှိသည့် လုံခြုံရေးကင်းစခန်းတစ်ခုအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း၊ ကူညီကယ်ဆယ်ရေးယာဉ်အား ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်းတို့အား လုပ်ဆောင်လာသဖြင့် တပ်မတော်က ဟန့်တားဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ရပါသည်။ ထိုသို့ လုပ်ဆောင်ခဲ့ရမှုအပေါ် အကြမ်းဖက်အုပ်စုဖြစ်သည့် NUG အဖွဲ့၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် အွန်လိုင်းမီဒီယာများနှင့် ပြည်ပမီဒီယာအချို့က ပုံကြီးချဲ့ကားကာ ငလျင်ဘေးဒဏ်သင့်နေချိန်တွင်ပင် တပ်မတော်က လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း မြေပြင်အခြေအနေအမှန်ကိုမသိရှိဘဲ တစ်ဖက်သတ် လုပ်ကြံစွပ်စွဲရေးသားဖော်ပြနေမှုများကို တွေ့ရှိနေရပါသည်။ ယခုကဲ့သို့ ငလျင်ဘေးကြောင့် ပြည်သူများ ဒုက္ခပင်လယ်ဝေနေရချိန်တွင် လူသားချင်းစာနာစိတ်ကင်းမဲ့စွာဖြင့် နိုင်ငံရေးအမြတ်ထုတ်လိုမှုတစ်ခုထဲကိုသာ ရှေးရှု၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသည့် NUG အဖွဲ့၊ ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများအနေဖြင့်လည်း NUG အဖွဲ့၊ ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို သတိထားစောင့်ကြည့်၍ ၎င်းတို့၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို အားပေးအားမြှောက်ပြုရာရောက်သည့် ပြောဆိုရေးသားဖော်ပြမှုများကို သတိပြုရှောင်ကြဉ်သင့်ပါသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် အမြဲတမ်းလမ်းဖွင့်ပေးထားလျက်ရှိပါသည်။ ငြိမ်းချမ်းရေးကိုခုတုံးလုပ်၍ နိုင်ငံရေးအမြတ်မထုတ်ရန်လိုကြောင်းနှင့် မဟုတ်မမှန် စွပ်စွဲထုတ်ပြန်မှုများကို ရှောင်ကြဉ်သင့်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အင်အားပြင်းငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်လိုသည့် မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြောင်းကြားသတင်းပို့လာပါက နိုင်ငံတော်အစိုးရအနေဖြင့် ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း

**နေပြည်တော်၊ ၂၀၂၅ ခုနှစ် ဧပြီ - ၂**

နိုင်ငံတော်အနေဖြင့် လက်ရှိဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများအား လက်ခံ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ပစ္စည်းများလက်ခံသည့်လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနိုင်ငံများမှ သံရုံးများ၊ စစ်သံရုံးများမှတစ်ဆင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ လက်ရှိ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြလျက်ရှိသည့် တရုတ်ကြက်ခြေနီအသင်း ယာဉ်တန်း ပစ်ခတ်ခံရမှုနှင့်ပတ်သက်၍ ၎င်းအဖွဲ့အနေဖြင့် မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာသံရုံး၊ စစ်သံရုံးများကို ဆက်သွယ်ခဲ့ခြင်းမရှိခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်အနေဖြင့် နောင်ချိုမြို့နယ်၊ အုန်းမတီးကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းနေရာသည် တပ်မတော်နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားနေသည်ကို သတင်းစာမျက်နှာများတွင် အများပြည်သူများ မြင်တွေ့ကြရမည်ဖြစ်သည်။ ယခုဖြစ်စဉ်မှာ ဧပြီလ ၁ ရက်နေ့ ည ၉ နာရီချိန်ခန့်တွင် မော်တော်ယာဉ် ၉ စီးခန့်ပါဝင်သည့်ယာဉ်တန်းသည် နောင်ချိုမြို့ဘက်မှထွက်ခွာလာခဲ့ပြီး အုန်းမတီးရွာအနီးအရောက်တွင် တပ်မတော်လုံခြုံရေးအဖွဲ့များမှ လိုအပ်သည့် လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရေး မီတာ ၂၀၀ ဝန်းကျင်အကွာမှစ၍ တားဆီးခဲ့ရာ ရပ်တန့်ခဲ့ခြင်းမရှိသောကြောင့် မီတာ ၁၀၀ ခန့်အကွာသို့အရောက်တွင် သေနတ်အား မိုးပေါ်ထောင်၍ ၃ ချက်ပစ်ဖောက်ခဲ့သဖြင့် အဆိုပါယာဉ်တန်းမှာ နောင်ချိုမြို့ဘက်သို့ ပြန်လှည့်သွားခြင်းဖြစ်သည်ကို တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ် မတိုင်မီ Blue Sky ကူညီကယ်ဆယ်ရေးအသင်းအဖွဲ့သည်လည်း ကုန်းလမ်းကြောင်းမှ ဝင်ရောက်လာခြင်းဖြစ်ပြီး ယင်းအဖွဲ့သည် နိုင်ငံတကာတွင်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အသင်းလည်း ဖြစ်သည်။ အဆိုပါ တရုတ်နိုင်ငံမှ Blue Sky ကူညီကယ်ဆယ်ရေးအဖွဲ့သည် မတ်လ ၃၁ ရက်နေ့တွင် ထွက်ခွာလာခဲ့ပြီး ည ၁၀ နာရီခွဲတွင် ဝက်ဝံဂိတ်၊ ည ၁၁ နာရီတွင် ၁၆ မိုင် ဂိတ်တို့သို့ရောက်ရှိခဲ့ကာ မန္တလေးမြို့သို့ ဧပြီလ ၁ ရက် မနက် ၁ နာရီမထိုးမီ ရောက်ရှိခဲ့ပြီး အဆိုပါအဖွဲ့အတွက် လုံခြုံရေးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လမ်းတစ်လျှောက်ဆောင်ရွက်ပေးခဲ့ပြီး မန္တလေးမြို့အထိ အန္တရာယ်ကင်းစွာ ရောက်ရှိခဲ့ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပေးခြင်း၊ အကြောင်းကြားခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် ယခုအချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နေရသည့် အပြင် လက်နက်ကိုင်သောင်းကျန်းသူများ၏ အန္တရာယ်လည်းရှိသည့်အတွက် လက်နက်ကိုင်အဖွဲ့များ၏ နိုင်ငံရေးအမြတ်ထုတ်လိုမှုများရှိသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အကောင်းဆုံးဖြစ်စေရေး ချိန်ဆ၍ ဆောင်ရွက်နေရသည်။

အဆိုပါယာဉ်တန်း ပစ်ခတ်ခံရသည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့်သာမက တာဝန်ရှိသူများကပါ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အချို့မီဒီယာများတွင် ယာဉ်တန်းပစ်ခံရသည့်ဖြစ်စဉ်၌ မော်တော်ယာဉ်ပုံများသည် မြန်မာနိုင်ငံမှ မော်တော်ယာဉ်နံပါတ်များပါသည့် ကုန်တင်ကားများဖြစ်သည်ကို တရုတ်ကြက်ခြေနီအသင်းဟု စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်အခက်အခဲများဖြစ်ပေါ်နေချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စာနာထောက်ထားပေးခြင်း၊ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများ နိုင်ငံများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကြိုတင်အကြောင်းကြားခြင်း အသိပေးခြင်းများ၊ လုံခြုံရေးအကူအညီရယူဆောင်ရွက်ခြင်းတို့အား ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်အတွက်လည်း မေတ္တာရပ်ခံလိုပါသည်။ ယခုလက်ရှိတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ တရုတ်(ဟောင်ကောင်) စသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ လေကြောင်းမှ ကူညီထောက်ပံ့မှု လေယာဉ် ၅၃ စင်း၊ ကယ်ဆယ်ရေးဝန်ထမ်းပေါင်း ၁၀၁၅ ဦး ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကာ ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၃၅၄ တန်ကျော်၊ ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၄၉၅ တန်ကျော် ရောက်ရှိပြီးဖြစ်ပါသည်။

ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသည့် အဖွဲ့အစည်းများ၏ ကောလာဟလ သတင်းထုတ်လွှင့်ချက်များကို ပြည်သူများအနေဖြင့် အထူးဂရုစိုက်ကြရန်လိုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်လိုသည့် မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေ လုပ်ထုံးလုပ်နည်းများအတိုင်း အကြောင်းကြားသတင်းပို့လာပါက နိုင်ငံတော်အစိုးရအနေဖြင့် အမြဲတမ်းလက်ကမ်းကြိုဆိုသွားမည်ဖြစ်ကြောင်းနှင့် ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်အား အစိုးရ၊ ပြည်သူ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာမှကူညီမှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❒ ကျောဖုံးမှ

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မတ် ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ရှားမှုကြောင့် ထိခိုက်ပျက်စီးသေဆုံးမှုများ အများဆုံးဖြစ်ပေါ်ခဲ့သည့် ဒေသများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံပေါင်း ၂၀ မှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များ စေလွှတ်ပေးနေမှုနှင့် လူသားချင်းစာနာသည့်စိတ်ဖြင့် အားတတ်သရော ကူညီပေးမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အေးချမ်းသာဟိုတယ်တွင် ငါးရက်ကြာ ပိတ်မိနေသည့် ဟိုတယ် ပြင်/ထိန်း ဝန်ထမ်းဖြစ်သူ အသက် ၂၆ နှစ်ရှိ မောင်နိုင်လင်းထွန်း အား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး (အထူး) တပ်ဖွဲ့ဝင်များနှင့် တူကီယဲ (တူရကီ) နိုင်ငံမှ GEA Search and Rescue အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဧပြီ ၁ ရက် ညနေ ၃ နာရီမှ စတင်ကယ်ထုတ်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကိုးနာရီခွဲကြာမြင့်ခဲ့ပြီး ည ၁၂ နာရီခွဲအချိန်တွင် ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် အသက် ၂၆ နှစ်အရွယ် ထက်မောင်မောင်ကိုလည်း ယနေ့နံနက် ၁၀ နာရီမှစတင်၍ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကြာချိန် ၃ နာရီ ၅၅ မိနစ်ခန့်ကြာမြင့်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် အသက်ရှင်လျက် အောင်မြင်စွာ ထပ်မံကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထိုသို့ ရှာဖွေကယ်ဆယ်နိုင်ခဲ့ခြင်းမှာ ၎င်းတို့၏ ကုသိုလ်ကံ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ ကြိုးပမ်းမှုနှင့် အဆင့်မြင့် နည်းပညာအကူအညီနှင့် ကယ်ဆယ်ရေး အတွေ့အကြုံများကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာကို ဖိတ်ခေါ်ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှအသုံးပြုသည့် နောက်ဆုံးပေါ် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထိတွေ့ခွင့်ရရှိပြီး နည်းပညာအသုံးချမှုများနှင့် အဆင့်မြင့်နည်းပညာသုံးပစ္စည်းများ၏ စွမ်းပကားများကို တစ်ဖက်မှလည်း လေ့လာခွင့်ရခဲ့ကြောင်း၊ ယင်းသည် အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံကောင်းများဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒုက္ခရောက်နေသည့် နိုင်ငံသားများအနေဖြင့် အသက်ရှင်ခွင့်ရသလို ပြည်တွင်းမှ ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း ၎င်းတို့အသုံးပြုသည့် တန်ဖိုးမဖြတ်နိုင်သည့် နည်းပညာများ၊ ခေတ်မီစက်ပစ္စည်း အသုံးပြုမှုပညာရပ်များကို မျှဝေရရှိကြောင်း၊ ယမန်နေ့က နိုင်ငံတကာမှ ကယ်ဆယ်ရေးအတွက် လာရောက်သည့် လေယာဉ်အခေါက်ရေ ၄၉ ခေါက်ဖြစ်ရာ လက်ရှိအချိန်အထိ ကယ်ဆယ်ရေးအဖွဲ့ဝင် အင်အား ၁၉၁၅ ဦး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၇၁၄ တန်ကျော် ရောက်ရှိပြီဖြစ်ကြောင်း၊ အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို မြန်မြန်ရောက် မြန်မြန်ပို့၊ မြန်မြန်ဖြန့်စနစ်ဖြင့် ဆောင်ရွက်နေပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း နိုင်ငံတကာမှကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိပါက အရန်လုံးဝမထားဘဲ ငလျင်ဒဏ်သင့်ပြည်သူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိအောင် ပို့ဆောင်ရန် ညွှန်ကြားထားကြောင်း၊ မတ် ၂၈ ရက်မှ ယနေ့အထိ ပြင်းထန်မြေငလျင်၏ နောက်ဆက်တွဲမြေငလျင်များ လှုပ်ရှားမှုမှာ ၅၇ ကြိမ်ရှိပြီဟု ထုတ်ပြန်ထားသည့်အတွက် သတိလက်လွတ်မဖြစ်စေဘဲ နေထိုင်သွားလာကြရန် လိုအပ်ကြောင်း၊ ယမန်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲတွင်လည်း အားတက်သရော လှူဒါန်းကြသည့်အတွက် ကြည်နူးဝမ်းမြောက်ဖွယ်တွေ့မြင်ရပါကြောင်းနှင့် ပြည်တွင်း၊ ပြည်ပအလှူရှင်များနှင့် ဝန်ကြီးဌာနများမှ လှူဒါန်းမှုအနေဖြင့် စုစုပေါင်းအလှူငွေကျပ် သိန်းပေါင်း ၁၂၆၄၈၈၀ ကျပ် ရရှိခဲ့ကြောင်း၊ အဆိုပါ လှူဒါန်းငွေများကိုလည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စနစ်တကျစီမံသုံးစွဲရန် လိုအပ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အအုံများနှင့် ပတ်သက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ စားသောက်ရေးအဆင်ပြေစေရေးနှင့် ယာယီနေထိုင်နိုင်ရေးအတွက် စီစဉ်နေရာချထားပေးရမည်ဖြစ်ကြောင်း၊ ထိုသို့စီစဉ်ရာတွင် မိုးတွင်းကာလနှင့်ချိန်ညှိ၍ မိုးရာသီမတိုင်မီ မိုးလုံလေလုံ ယာယီ/အမြဲတမ်း အဆောက်အအုံများ ဆောင်ရွက်ထားရန်မှာ အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ပျက်စီးနေသည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရန်၊ ဒုတိယအဆင့်အနေဖြင့် နေထိုင်ရန် မသင့်သည့် ယိုင်နဲ့နေသည့် နေအိမ်များကို ဖြိုဖျက်ရန်၊ တတိယအဆင့်အနေဖြင့် ကျန်အဆောက်အအုံများကို ဆက်လက်အသုံးပြုရန်သင့်/မသင့် စစ်ဆေးရန်နှင့် နောက်ဆုံးအနေဖြင့် တည်ဆောက်ရေးအပိုင်းဖြစ်ကာ တည်ဆောက်ရေးဆောင်ရွက်ရာတွင် လက်ရှိနေရာတွင်ပင် တည်ဆောက်ရန် သင့်/ မသင့်ကို ဘူမိဗေဒပညာရှင်များ၊ ငလျင်ပညာရှင်များ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များနှင့် တိုင်းတာစစ်ဆေးရန်ဖြစ်ပြီး တည်ဆောက်ရန်မသင့်ပါက သင့်တော်သည့် အခြားမြေနေရာရှာဖွေတည်ဆောက်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများ၏ အားနည်းချက်မှာ အိမ်ရာများတွင် ဝန်ကြီးဌာနအလိုက် သီးသန့်စီစဉ်နေထိုင်ခြင်းမဟုတ်သည့်အတွက် စီမံဆက်သွယ်ဆောင်ရွက်မှုများ၌ ကန့်သတ်ချက်အချို့ တွေ့ရှိရ၍ ပြန်လည်တည်ဆောက်ရေးနှင့် နေရာချထားရေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက် တစ်စုတစ်စည်းတည်း နေရာချထားရန်လိုအပ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်နေဆဲကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ယာယီပြန်လည်နေရာချထားရေး ကိစ္စရပ်များနှင့် အမြဲတမ်းနေရာချထားရေး ကိစ္စရပ်များကို ထိထိရောက်ရောက် ဆွေးနွေးကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ကော်မတီဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း တို့က မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ငလျင်ဒဏ်သင့်ဒေသများတွင် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှု၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများ ရောက်ရှိမှု၊ အဆိုပါကယ်ဆယ်ရေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများကို စနစ်တကျဖြန့်ခွဲနေရာချထားပေးမှု၊ ဆက်သွယ်မှုလမ်းကြောင်းများ မပြတ်တောက်စေရန် ပျက်စီးသွားသည့် လမ်း၊ တံတားများအား ယာယီသွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ပေးထားမှု၊ ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များနှင့် လိုအပ်ချက်များကို ထောက်ပံ့ပေးအပ်လျက်ရှိမှု၊ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့များဖြင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူလျက်ရှိမှု၊ AHA Center၊ နိုင်ငံတကာနှင့် ပြည်တွင်း၊ ပြည်ပအလှူရှင်များမှ အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ လက်ခံရရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်း ငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှု အခြေအနေများ၊ ကယ်ဆယ်ရေးလေယာဉ်များနှင့် ပစ္စည်းများ ရောက်ရှိမှု အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ၊ အခြားဘာသာရေး အဆောက်အအုံများ၊ နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ သံဃာတော်များ၊ အရပ်သားပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများ၊ ငလျင်ဘေးဒဏ် ခံစားရသည့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာနအသီးသီးအလိုက် စားသောက်၊ နေထိုင်မှုနှင့် လုံခြုံရေးအတွက် ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာမှ ကမ်းလှမ်းထားသည့် အခြေအနေများ၊ စိုက်ပျိုးမြေများနှင့် တာ၊ တမံများပျက်စီးမှု၊ နိုင်ငံတကာ မျက်နှာစာတွင် လက်ရှိဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး၊ ယာယီဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ထားရှိမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ဆွေးနွေးတင်ပြမှုများအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဆောက်အအုံများအား ပြန်လည်တည့်မတ်ရန်အတွက်လုံလောက်သည့် *စာမျက်နှာ ၈ သို့*

> “ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထိခိုက်ပျက်စီးသေဆုံးမှုမှာ ဧပြီ ၂ ရက် ညနေ ၆ နာရီအထိ ကနဦးစာရင်းများအရ သေဆုံးသူ ၃၀၀၃ ဦး၊ ပျောက်ဆုံးသူ ၃၅၁ ဦး၊ ဒဏ်ရာရရှိသူ ၄၅၁၅ ဦးရှိပြီး လူနေအိမ် ၂၁၇၈၃ လုံး၊ ရုံးဌာနအဆောက်အအုံ ၈၀၅ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၁၅ လုံး၊ စာသင်ကျောင်း ၁၀၄၁ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း ၉၂၁ ကျောင်း၊ ဘုရားစေတီ အဆူ ၁၆၉၀၊ အခြားဘာသာရေးအဆောက်အအုံ ၃၁၂ လုံး၊ ဆေးရုံ/ ဆေးခန်း ၄၈ လုံး၊ စပါးနှင့် အခြားသီးနှံ ၄၅ ကေတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရ ”

*စာမျက်နှာ ၇ မှ*

ပစ္စည်းကိရိယာများရရှိရေး၊ ယာယီဆေးရုံများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ သံဃာတော်များ၏ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စနှင့် ယာယီကျောင်းဆောင်များ အဆင်ပြေမှုရှိစေရေး၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများနှင့် ဝန်ထမ်းများအား နေရာချထားနိုင်ရေးအတွက် မိုးရာသီ မတိုင်မီ နှစ်လအတွင်း အနိမ့်ဆုံးအဆင့် ယာယီအမိုးအကာရရှိအောင် စီမံဆောင်ရွက်ရေး၊ အဆောက်အအုံများပျက်စီးမှု၊ ဖြိုချရန်လိုအပ်မှုနှင့် နေထိုင်ရန်သင့်/ မသင့်တို့ကို အမြန်ဆုံးစာရင်းကောက်ယူရေး၊ အဆောက်အအုံများကို ဖြိုချရသည်ဖြစ်စေ၊ အပျက်အစီးများကို ဖယ်ရှားရသည်ဖြစ်စေ မိသားစုပိုင်ပစ္စည်းများကို ပြန်လည်ရရှိနိုင်ရေးအတွက် စနစ်တကျစီမံပြုလုပ်ရေး၊ နိုင်ငံတကာ အကူအညီများ လွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် လမ်းခရီးကန့်သတ်ချက်များနှင့် အကြမ်းဖက်သမားများ၏ နှောင့်ယှက်မှုများရှိနေသောကြောင့် လုံခြုံရေးကိစ္စရပ်များအဆင်ပြေစေရန် ကယ်ဆယ်ရေးယာဉ်နှင့် ကယ်ဆယ်ရေးအဖွဲ့များဖြစ်ကြောင်းကို သိသာထင်ရှားသည့် အမှတ်အသားများပြုလုပ်၍ ခွင့်ပြုချက်၊ စီမံချက်တို့ဖြင့် စနစ်တကျ စေလွှတ်ပေးနိုင်ရေး၊ ငလျင်ဒဏ်ကြောင့် သေဆုံးသူများ၊ ဒဏ်ရာရရှိသူများအပေါ် ထောက်ပံ့ကြေးများ အမြန်ဆုံးထုတ်ပေးနိုင်ရေးနှင့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ရေး၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိရေး၊ လျှပ်စစ်မီးလျှင်မြန်စွာရရှိရေးနှင့် စေတနာရှင်များ၏ ယန္တရား တစ်အုပ်တစ်မ အကူအညီပေးထားမှုများအပေါ် အမှန်တကယ်လိုအပ်သည့် လမ်း၊ တံတားနှင့် အဆောက်အအုံနေရာများတွင် အသုံးပြုနိုင်ရေးအတွက် စနစ်တကျစီမံ၍ အကျိုးရှိအောင်ဆောင်ရွက်ရေး၊ ပြည်သူများ အနေဖြင့် သဘာဝဘေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အကြောင်းအချက်များနှင့် သတင်းများကို ဆောလျင်မြန်ဆန်စွာသိရှိနိုင်ရေးနှင့် လှူဒါန်းသည့်ပစ္စည်းများ မလိုအပ်ဘဲ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဆပ်ကော်မတီအလိုက် စနစ်တကျစာရင်း ပြုစုရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို NDMC အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော နိုင်ငံတကာမှ လှူဒါန်းထားသည့် ယာယီတဲ အဆောက်အအုံများ၊ အရေးပေါ်လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထိခိုက်ပျက်စီးသေဆုံးမှုမှာ မေ ၂ ရက် ညနေ ၆ နာရီအထိ ကနဦးစာရင်းများအရ သေဆုံးသူ ၃၀၀၃ ဦး၊ ပျောက်ဆုံးသူ ၃၅၁ ဦး၊ ဒဏ်ရာရရှိသူ ၄၅၁၅ ဦးရှိပြီး လူနေအိမ် ၂၁၇၈၃ လုံး၊ ရုံးဌာန အဆောက်အအုံ ၈၀၅ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၁၅ လုံး၊ စာသင်ကျောင်း ၁၀၄၁ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း ၉၂၁ ကျောင်း၊ ဘုရားစေတီ အဆူ ၁၆၈၀၊ အခြားဘာသာရေးအဆောက်အအုံ ၃၁၂ လုံး၊ ဆေးရုံ/ ဆေးခန်း ၄၈ လုံး၊ စပါးနှင့် အခြားသီးနှံ ၄၅ ကေတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေတွင် တရုတ်(ယူနန်)နိုင်ငံမှ အဖွဲ့ဝင် ၃၇ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ နှစ်ဦးကိုလည်းကောင်း၊ စင်ကာပူနိုင်ငံမှ အဖွဲ့ဝင် ၈၉ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ လေးဦးကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ အဖွဲ့ဝင် ၅၀ နှင့် ပူးပေါင်း၍ သေဆုံးသူ သုံးဦးကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ အဖွဲ့ဝင် ၁၀၆ ဦးနှင့် ပူးပေါင်း၍ သေဆုံးသူ ခုနစ်ဦးကိုလည်းကောင်း၊ တူရကီ(တူကီယဲ)နိုင်ငံမှ အဖွဲ့ဝင် ရှစ်ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ နှစ်ဦးကိုလည်းကောင်း၊ စုစုပေါင်း အသက်ရှင်သူ လေးဦးနှင့် သေဆုံးသူ ၁၆ ဦးတို့ကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီးတွင် ရုရှားနိုင်ငံမှ အဖွဲ့ဝင် ၁၆၇ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ ခြောက်ဦးကိုလည်းကောင်း၊ တရုတ်နိုင်ငံ (ပေကျင်း) မှ အဖွဲ့ဝင် ၈၄ ဦး၊ တရုတ်နိုင်ငံ Blue Sky Rescue Team မှ အဖွဲ့ဝင် ၁၁၆ ဦး၊ တရုတ်နိုင်ငံ (ဟောင်ကောင်) မှ အဖွဲ့ဝင် ၅၁ ဦးတို့နှင့် ပူးပေါင်း၍ အသက်ရှင်သူ နှစ်ဦး၊ သေဆုံးသူ ၁၄ ဦးကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံမှ အဖွဲ့ဝင် ၈၀ နှင့် ပူးပေါင်း၍ သေဆုံးသူ ၁၁ ဦးကို လည်းကောင်း၊ စုစုပေါင်း အသက်ရှင်သူ သုံးဦးနှင့် သေဆုံးသူ ၃၁ ဦးတို့ကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတွင် မလေးရှားနိုင်ငံမှ အဖွဲ့ဝင် ၅၀ နှင့် ပူးပေါင်း၍ သေဆုံးသူ ခြောက်ဦးတို့ကို ရှာဖွေနိုင်ခဲ့ရာ ရှာဖွေကယ်ဆယ်ရေးကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၂ ဖွဲ့တို့နှင့် ပူးပေါင်း၍ အသက်ရှင်သူ ခုနစ်ဦးနှင့် သေဆုံးသူ ၅၃ ဦးတို့ကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် မေ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဝန်ကြီးဌာနအောက်ရှိ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးမှ လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိ ရပ်ကွက်ရှိ သီရိဂန္ဓမာ သပြေအေး မိုးကုတ်ဝိပဿနာ ရိပ်သာကျောင်းတိုက်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအားလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ သွားရောက်ကာ ရုံးဝင်းအတွင်းရှိ ကားဂိုဒေါင်တွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ငလျင်ဒဏ်သင့် ဝန်ထမ်းများအားလည်းကောင်း CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးမှ လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ ပဲနီလေး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကိတ်ခြောက်၊ ရေသန့် စသည့် စားသောက်ကုန် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာန သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ငလျင်ဘေးဒဏ်ခံရမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယာယီပြောင်းရွှေ့နေထိုင်ရေး စီစဉ်ဆောင်ရွက်ပေးပြီးနောက် ယာယီရုံးများဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့နောက် ပျက်စီးသွားသည့် ရုံးအဆောက်အအုံများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးပစ္စည်းများ၊ မော်တော်ယာဉ်များကို စနစ်တကျ စာရင်းပြုစုတင်ပြကြရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းရေးနှင့် ထိခိုက်မှုမရှိစေရေး ဦးစားပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ ယာယီပြောင်းရွှေ့နေထိုင်သည့် ဝန်ထမ်းများ၏ လတ်တလောစားသောက်ရေးကိစ္စရပ်များကိုလည်း ဝန်ကြီးဌာန၊ ဦးစီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပ အလှူရှင်များ၊ အဖွဲ့အစည်းများ၏ ကူညီလှူဒါန်းမှုများဖြင့်လည်းကောင်း အတတ်နိုင်ဆုံး ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဝန်ထမ်းများ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နေထိုင်ကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီး၍ လတ်တလော ယာယီရွှေ့ပြောင်းနေထိုင်ရသည့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား မိုးရာသီ မတိုင်မီ လုံခြုံမှုရှိသည့် အမိုးအကာအောက် ရောက်ရှိစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် လတ်တလော ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ အတွက် နေထိုင်စားသောက်ရေး၊ အုပ်ချုပ်ထောက်ပံ့ဆောင်ရွက်ပေးထားမှု၊ သောက်သုံးရေ ဖြန့်ဝေပေးနေမှု၊ ဦးစီးဌာနအလိုက် ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံ၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ ပစ္စည်းများ၊ မော်တော်ယာဉ်များ ပျက်စီးမှုစာရင်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ပျက်စီးမှုစာရင်းများအား အမြန်ဆုံးကောက်ယူပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများ၊ ဦးစီးဌာနအလိုက် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား ယာယီပြောင်းရွှေ့နေထိုင်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ကိစ္စရပ်များ စီစဉ်ဆောင်ရွက် ပေးထားမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားသမားများအတွက် သုံးရေဖြန့်ဝေပေးနေမှု လိုက်လံကြည့်ရှု



**နေပြည်တော် မေ ၂**

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းဝင်နေထိုင်လျက်ရှိသည့် ငလျင်ဘေးသင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားသမားများ သုံးရေ အဆင်ပြေစေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် ရေဂါလန် ၁၂၀၀ ဆံ့ ကားများဖြင့် သယ်ဆောင်၍ Cluster များအလိုက် ရေပေးဝေနေမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Cluster–10 တွင် စခန်းဝင် နေထိုင်လျက်ရှိသည့် အားကစားသမားအိပ်ဆောင်များအားလည်းကောင်း၊ Cluster–6 တွင် ယာယီနေထိုင်လျက်ရှိသည့် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း သုံးရေအဆင်ပြေစေရေးအတွက် ကားများဖြင့် သယ်ဆောင်၍ရေပေးဝေနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Cluster များအလိုက် မီးလိုင်းများရရှိစေရေးအတွက် Transformer ထားရှိသည့်နေရာများ၊ မီးလိုင်းများ၊ အရန်မီးစက်များနှင့် မီးကြိုးများ ပျက်စီးဆုံးရှုံးမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ငလျင်ကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ထိခိုက်ပျက်စီးခဲ့မှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း/အပြင်နှင့် စိန်တောင်တို့ကြား ထိခိုက်ပျက်စီးမှု၊ စေတီတော်ရင်ပြင်တော်ပျက်စီးမှု၊ ဥပ္ပါတသန္တိစေတီတော် မြောက်ဘက်လှေကားများပျက်စီးမှု၊ ဥပ္ပါတသန္တိစေတီတော်ရင်ပြင်ပေါ်ရှိ ဆုတောင်းပြည့်စေတီတော်ပျက်စီးမှု၊ ဥပ္ပါတသန္တိစေတီတော် အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်ရှိ ခတ်လှေကားများပျက်စီးမှု၊ ဥပ္ပါတသန္တိစေတီတော် တံခွန်တိုင်နှင့် လျှောက်လမ်းစကြံ ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်းရှိ ကြမ်းခင်းကြွေပြား ပျက်စီးမှု၊ မဟာဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာများ ကွဲအက်ပျက်စီးမှု၊ ဘင်း(ထောက်တိုင်)များ ကွဲအက်ပျက်စီးမှု၊ ပလာစတာများကွာကျပျက်စီးမှု၊ မြန်မာမှုလက်ရာများ ပျက်စီးမှု၊ ဥပ္ပါတသန္တိစေတီတော်ပတ်လည် စိန်တောင်နှင့် ရင်ပြင်တော်ကြမ်းခင်းကျောက်ပြားတို့ကြား တစ်ပေခန့် နိမ့်ဆင်းပျက်စီးမှု၊ ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော်ရှိ ကျောက်ပြားများပျက်စီးမှု၊ ရင်ပြင်တော်တွင် ခြောက်လက်မခန့်ရှိ အက်ကြောင်းဖြစ်ပေါ်ပျက်စီးမှု၊ စေတီတော်၏ မြောက်ဘက်လှေကားရှိ သရက်ကင်းများပျက်စီးမှု၊ ကျောက်ပြားများ ပျက်စီးမှု၊ စေတီတော်၏ အရှေ့မြောက်ထောင့်ရှိ ဆုတောင်းပြည့်ဘုရား မြေခပျက်စီးမှု၊ စေတီတော်သို့ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရန် တည်ဆောက်ထားသည့် အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်ရှိ ခတ်လှေကားများ ပျက်စီးမှု၊ စေတီတော်၏ တံခွန်တိုင်နှင့် လျှောက်လမ်းစင်္ကြံများ ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်အင်ဂျင်နီယာ ပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ မြန်မာမှုပညာရှင်များနှင့် အသေးစိတ်ကွင်းဆင်းစစ်ဆေးပြီး အမြန်ဆုံး ပြန်လည်ပြုပြင် ထိန်းသိမ်းတည်ဆောက်နိုင်ရေး ကြိုးပမ်းအားထုတ်သွားရန် စေတီတော်ဂေါပကအဖွဲ့ဝင်များအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂**

စက်မှုဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)၌ ကျင်းပသည်။ အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးသင့်ခဲ့သည့် ဌာနမှ ဝန်ထမ်းများ လတ်တလော စားသောက်ရေး ကိစ္စရပ်များ အဆင်ပြေစေရေးအတွက် သောက်ရေသန့်၊ အားဖြည့်အချိုရည်များ၊ အသင့်စားခေါက်ဆွဲထုပ်များ၊ ငါးသေတ္တာဘူးများ၊ ဆန်၊ စောင်၊ ခြင်ထောင်များကို ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း၊ ထပ်မံ၍လည်း ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ ထို့ပြင် ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ပျက်စီးခဲ့မှု အခြေအနေနှင့် ဝန်ထမ်းများ လက်ရှိနေထိုင်လျက်ရှိသည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အားပေးစကားများ ပြောကြားခဲ့ကြောင်း။

ငလျင်ကြောင့် ဆိုးရွားစွာ ပျက်စီးခဲ့သည့် အိမ်ရာများတွင် နေထိုင်သည့် ဝန်ထမ်းများ၏ ပစ္စည်းများကို တပ်မတော်ပိုင် မော်တော်ယာဉ်များဖြင့် ကူညီ ရွှေ့ပြောင်းပေးမည်ဖြစ်၍ ရွှေ့ပြောင်းမည့်ဝန်ထမ်းများ၏ စာရင်းများကို ပြုစုလျက်ရှိကြောင်း၊ သက်ဆိုင်ရာ တိုက်တာဝန်ခံများအနေဖြင့် ဝန်ထမ်းများ၏ လက်ရှိ တွေ့ကြုံနေရသည့် အခက်အခဲများ ကျန်ရှိမှုမရှိစေရေး တင်ပြပေးရန် ပြောကြားသည်။

ထို့နောက် တိုက်တာဝန်ခံများက အိမ်ရာများတွင် ရွက်ဖျင်တဲများနှင့် သောက်ရေ၊ သုံးရေရရှိရေး၊ လူနေထိုင်ရန် မသင့်သည့် အိမ်ရာများရှိ ဝန်ထမ်းများအား နေရာချထားရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း အင်အားပြင်းငလျင်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် ဟိုတယ်များ သွားရောက်ကြည့်ရှု

**နေပြည်တော် ဧပြီ ၂**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ အင်အားပြင်းငလျင်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဟိုတယ်ဇုန် (၂) အတွင်းရှိ ဟိုတယ်များသို့ သွားရောက်ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်အဆောက်အအုံများ၏ အတွင်း/အပြင် ပြိုကျပျက်စီးနေမှု၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပရဟိတအဖွဲ့များ၊ ပြည်ပမှရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များမှ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုပြီး ကယ်ဆယ်ရေး ဆောင်ရွက်နေသည့် ပြည်တွင်း/ပြည်ပမှ ကယ်ဆယ်ရေးဝန်ထမ်းများ၊ ဟိုတယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းစွာ ဆောင်ရွက်ကြရေး၊ အန္တရာယ်ရှိ အဆောက်အအုံများအတွင်းသို့ ဝင်ရောက်ကြရာတွင် သတိထားဆောင်ရွက်ကြရေးအတွက် မှာကြားပြီး ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။



ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရုံး အဆောက်အအုံတွင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆောင်ရွက်ကြပြီး ဌာနခွဲများအလိုက် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုကို ဆက်လက်ကြည့်ရှုကာ ဝန်ထမ်းများအနေဖြင့် ပရဟိတစိတ်ဓာတ်ဖြင့် အခက်အခဲများကြားမှ ကြိုးစားဆောင်ရွက်သွားကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများပေးအပ်

**နေပြည်တော် ဧပြီ ၂**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်တို့က တိုင်းစစ်ဌာနချုပ်ခန်းမများ၌ အသီးသီးတွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးများက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော နေပြည်တော်-သာစည်လမ်းပိုင်းနှင့် နေပြည်တော်-တောင်ငူလမ်းပိုင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော နေပြည်တော်-သာစည်လမ်းပိုင်းနှင့် နေပြည်တော်-တောင်ငူလမ်းပိုင်းရှိ ရထားလမ်းများ၊ ဘူတာများနှင့် တံတားများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော်-သာစည်လမ်းပိုင်းရှိ ဆင်သေချောင်းတံတား၏ Fixed Bearing အက်ကွဲနေမှု၊ ဆင်သေတံတားနှင့် ဆင်သေဘူတာကြား သံလမ်းများတွန့်ကောက်ခြင်း၊ ရထားလမ်းဘေး မြေသားများအက်ကွဲအက်၍ နိမ့်ကျခြင်း၊ မကျည်းပင်ဘူတာနှင့် ညောင်လွန့်ဘူတာကြားသံလမ်းများတွန့်ကောက်ခြင်း၊ ရထားလမ်းဘေးမြေသားများအက်ကွဲခြင်း၊ ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာကြား သံလမ်းများတွန့်ကောက်ခြင်း၊ ရထားလမ်းဘေးမြေသားများ အက်ကွဲခြင်းများနှင့် သာစည်ဘူတာရုံအဆောက်အအုံ ပြိုကျပျက်စီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သာစည်ဘူတာရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် နေပြည်တော်-သာစည်ရထားလမ်းပိုင်းအတွင်း ပျက်စီးသွားသော ရထားလမ်းပိုင်းနှင့် တံတားများကို အမြန်ဆုံးပြုပြင်ပြီး ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ကုန်စည်များ အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ယနေ့တွင် ဒုတိယဝန်ကြီးသည် နေပြည်တော်-တောင်ငူလမ်းပိုင်းရှိ ပျဉ်းမနားဘူတာနှင့် ရွာတော်ဘူတာကြား တံတားအမှတ် (၃၉၃)၊ ငလိုက်တံတား၏ ရေစုန်ဘက်သို့ ရွေ့လျားခြင်းနှင့် Pier တိုင်အမှတ်(၅) အက်ကွဲမှု၊ ပျဉ်းမနားဘူတာပျက်စီးမှု၊ လောဘူတာနှင့် ပြည်ဝင်ဘူတာကြား တံတားအမှတ်(၃၇၃)၊ လောတံတား၏ အစုန်လမ်းတွင် ပေ ၁၅၀ သံပေါင်နှင့် Half Through သံပေါင်ရွေ့လျားမှု၊ သာဝတ္တိဘူတာနှင့် လောဘူတာကြား တံတားအမှတ် (၃၅၁) အစုန်လမ်းတွင် ပေ ၁၀၀ သံပေါင် လေးလက်မခန့် ရွေ့လျား၍ Back Block အက်ကွဲမှု၊ ကုန်းကြီးဘူတာနှင့် ဆွာဘူတာကြား တံတားအမှတ်(၃၀၅)နှင့် (၃၀၆)၊ ဆွာတံတား၏ အစုန်ချဉ်းကပ်လမ်းမြေကျွံခြင်းဖြစ်ပွားမှု၊ တောင်ငူဘူတာနှင့် တောင်ငူရိပ်သာ ပျက်စီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရထားလမ်း အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ငလျင်ကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရထားလမ်းပိုင်းနှင့် တံတားများကို အမြန်ဆုံးပြန်လည်ပြုပြင်ပြီး လမ်းပိုင်းအမြန်ပြန်လည်ဖွင့်နိုင်ရေးနှင့် ခရီးသည်နှင့်ကုန်စည်များ အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေး လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြု၍ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ လိုအပ်သည့်ပစ္စည်းများ လုံလောက်မှုရှိအောင် စီစဉ်ထောက်ပံ့ပေးသွားရန်၊ ပြန်လည်အသုံးပြုနိုင်သည့် ဆယ်တင်ပစ္စည်းများကို အလေအလွင့်မဖြစ်အောင် စနစ်တကျပြန်လည်အသုံးပြုသွားရန်နှင့် ပြုပြင်ရေးလုပ်ငန်းများ အမြန်ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေ

**နေပြည်တော် ဧပြီ ၂**

ကမ္ဘာ့လေထု၏ ဖြစ်စဉ်များကြောင့် မိုးလေဝသအခြေအနေများသည် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်လျက်ရှိပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အဆိုပါဖြစ်စဉ်များကို အချိန်နှင့်အမျှ စောင့်ကြည့်လေ့လာပြီး ခန့်မှန်းချက်၊ သတိပေးချက်နှင့် အခြေအနေသတင်းများကို ထုတ်ပြန်ပေးလျက်ရှိပါသည်။ လက်ရှိလေထုအခြေအနေများပေါ်အခြေခံ၍ တွက်ချက်ထားသော သင်္ချာပုံစံပြုမော်ဒယ်လ်များဖြစ်သည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် သင်္ချာပုံစံပြုမော်ဒယ်လ်၏ ခန့်မှန်းချက်အရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လေထုမငြိမ်မသက်မှု ဖြစ်ပေါ်နိုင်သော်လည်း အားကောင်းလာနိုင်မည့် အခြေအနေမရှိဘဲ အနောက်ဘက်သို့ ရွေ့လျားနိုင်ကာ သီရိလင်္ကာနိုင်ငံအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အင်္ဂလန်နိုင်ငံ၊ European Centre for Medium-Range Weather Forecasts (ECMWF) Data ၏ ၁-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် သင်္ချာပုံစံပြုမော်ဒယ်လ်၏ခန့်မှန်းချက်အရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ၃-၄-၂၀၂၅ ရက်နေ့ခန့်တွင် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေထုမငြိမ်မသက်မှု ဖြစ်ပေါ်နိုင်သော်လည်း အားကောင်းလာနိုင်မည့် အခြေအနေမရှိဘဲ အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံတောင်ပိုင်းအနီးသို့ ဦးတည်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

အမေရိကန်နိုင်ငံ၊ National Hurricane Center မှ Global Forecasting Model (GFS) Data ၏ ၁-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၈:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် တွက်ချက်ခန့်မှန်းမှုများအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ၄-၄-၂၀၂၅ ရက်နေ့ခန့်တွင် ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် လေထုမငြိမ်မသက်မှုဖြစ်ပေါ်နိုင်သော်လည်း အားကောင်းလာနိုင်မည့် အခြေအနေမရှိဘဲ အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံတောင်ပိုင်းအနီးသို့ ဦးတည်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
WRF မော်ဒယ်လ်၏ ၁-၄-၂၀၂၅ ရက်နေ့
မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၅-၄-၂၀၂၅ ရက်နေ့အထိ မြေပြင်လေတိုက်ခတ်မှုအခြေအနေနှင့်
လေထုဖိအားပြပုံ




သင်္ချာပုံစံပြုမော်ဒယ်လ်များသည် ခန့်မှန်းသည့်ရက်ဝေးကွာပါက အသုံးပြုသည့် မော်ဒယ်လ်အပေါ်မူတည်၍ ခန့်မှန်းချက်များ တစ်ခုနှင့်တစ်ခုမတူညီဘဲ မှန်ကန်နိုင်မှုမှာလည်း အလွန်နည်းတတ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ဆိုရှယ်မီဒီယာများနှင့် အွန်လိုင်းများတွင် လတ်တလောထုတ်ပြန်နေသော အခြေအမြစ်မရှိ ကောလာဟလသတင်းများကို မယုံကြည်ကြပါရန်နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း ပြောင်းလဲနေသော သင်္ချာပုံစံပြုမော်ဒယ်လ်များ၏ ခန့်မှန်းချက်များနှင့် ခေတ်မီမိုးလေဝသ တိုင်းတာရေးကိရိယာများမှ တိုင်းတာရရှိသည့်အချက်အလက်များအပေါ် အခြေခံ၍ ခန့်မှန်းချက်များနှင့် သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ မြဝတီရုပ်မြင်သံကြား၊ မြန်မာ့ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းမီဒီယာများမှ တရားဝင် ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။ **မိုး/ဇလ**

အင်္ဂလန်နိုင်ငံ၊ European Centre for Medium-Range Weather Forecasts (ECMWF) Data ၏ ၁-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၈:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၄-၂၀၂၅ ရက်နေ့အထိ မြေပြင်လေတိုက်ခတ်မှုအခြေအနေနှင့် လေထုဖိအားပြပုံ




အမေရိကန်နိုင်ငံ၊ National Hurricane Center မှ Global Forecasting Model (GFS) Data ၏ ၁-၄-၂၀၂၅ ရက်နေ့
မြန်မာစံတော်ချိန် ၁၈:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၄-၄-၂၀၂၅ ရက်နေ့အထိ မြေပြင်လေတိုက်ခတ်မှုအခြေအနေနှင့်
လေထုဖိအားပြပုံ




# အချိန်အခါမဟုတ်မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၂**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ၅-၄-၂၀၂၅ ရက်နေ့အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ၆-၄-၂၀၂၅ ရက်နေ့မှ ၁၁-၄-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ (ဂ) ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (က)ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် တစ်ဆယ်ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကို ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည် -

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ နှစ်ရာခိုင်နှုန်းဖြင့် တွက်ချက်၍ စည်းကြပ်ခြင်း။

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့် အခွန်မှတွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင် ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်ပေးရမည်။

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ -

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းသို့ အသစ်ဝင်ရောက်သည့် ကုမ္ပဏီများသည် ယခင်က ဝင်ငွေခွန်အပြည့်အဝ ထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂ နှစ်အတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝ ပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေဆိုသည်မှာ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေကို ဆိုသည်။

(ဂ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကို သုံးသပ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေ ရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင် လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည် -

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) | ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှ အပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ် ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၅) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၆) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည် -

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက်များရာ တန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန်ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာ ဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည်-

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊

(ဇ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊

(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊

(ည) အကောက်ခွန်၊

(ဋ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ဌ) ရေခွန်၊

(ဍ) တာတမံခွန်၊

(ဎ) သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဏ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဒ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(ဓ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(န) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ပ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံ ရရှိသည့်အခွန်။

## အခန်း (၁၀)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ -

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည် လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် -

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့်ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန် အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊ (ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်နှင့် အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

*စာမျက်နှာ ၁၃ သို့*

စာမျက်နှာ ၁၂ မှ

ဇယား (၁)

## ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလခန့်မှန်းခြေ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ၂၀၂၅ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၅,၂၅၃,၁၅၁.၀၂၈** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၅၈၀.၅၈၂ |
| | ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၃,၀၄၄,၄၇၀.၅၅၈ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၄,၅၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေ သိန်းဆု၊ | ၂၆,၈၀၃.၅၈၄ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၂၄,၈၇၅.၈၂၂ |
| | ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၂၅၂,၄၁၆.၅၆၂ |
| | ၇ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေး လိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၃၆.၆၆၀ |
| | ၈ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၇၃၁,၅၉၅.၅၂၅ |
| | ၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၅၃,၉၇၀.၅၃၅ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊ | ၈,၇၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊ | ၃,၃၀၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊ | ၁၀၁.၂၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄,၂၉၀,၇၄၃.၂၃၆** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၄,၂၉၀,၇၄၃.၂၃၆ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၉၀၈,၆၈၃.၀၉၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊ | ၄၉.၇၄၁ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်။ | ၉၆.၂၄၇ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၅၅၁.၉၇၇ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၅၇.၈၀၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၅,၁၁၅.၃၃၉ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၅၆၈,၉၇၂.၃၃၄ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၁၆၈,၀၀၀.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၁၁၆,၇၄၄.၃၁၂ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၄၄,၂၀၆.၉၅၅ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်၊ | ၁,၈၈၈.၀၅၃ |
| | | စုစုပေါင်း | | **၁၀,၉၁၂,၅၇၇.၃၅၈** |

## မြိတ်မြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်းမှ ငလျင်ဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၂၀၀ လှူဒါန်း



မြိတ် ဧပြီ ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်းမှ ငလျင်ဘေးသင့် ပြည်သူများအတွက် ငွေကျပ် သိန်း ၂၀၀ ကို မတ် ၃၁ ရက်က မြိတ်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် မြိတ်မြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများက အလှူငွေ ကျပ်သိန်း ၂၀၀ ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူသည်။

အဆိုပါ အလှူငွေများကို မြို့နယ် သမဝါယမဦးစီးဌာနမှ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

**ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။**
**ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။**



နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် လှုပ်ရှားမှုကို ဧပြီ ၁ ရက်က သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ အများပြည်သူ သတ်မှတ်နေရာများ၌ နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချ၍ တစ်မိနစ် ငြိမ်သက် ဂါရဝပြုစဉ်။

ခရိုင်(ပြန်/ဆက်)

# သုံးနှစ်အတွင်း ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်စာရင်း အီလွန်မက်စ် ပြန်လည်ရရှိ

**ဝါရှင်တန် ဧပြီ ၂**

အမေရိကန်စီးပွားရေးမဂ္ဂဇင်း ဖော့ဘ်စ် (Forbes) က တက်စလာ၏ စီအီးအိုနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အလွန်ရင်းနှီးသူ အီလွန်မက်စ်ကို ကမ္ဘာပေါ်တွင် အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်လိုက်ကြောင်း သိရသည်။

အဆိုပါမဂ္ဂဇင်းသည် ၎င်း၏ နှစ်စဉ်ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်စာရင်းကို ဧပြီ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အီလွန်မက်စ်သည် ခန့်မှန်းခြေ အသားတင်ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ၃၄၂ ဘီလီယံဖြင့် သုံးနှစ်အတွင်း ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်စာရင်းကို ပြန်လည်ရရှိနိုင်ခဲ့ခြင်းဖြစ်သည်။

ဖော့ဘ်စ်မဂ္ဂဇင်း၏ အဆိုအရ အီလွန်မက်စ်၏ SpaceX နှင့် xAI လုပ်ငန်းများ၏ စတော့ဈေးကွက်တန်ဖိုးမှာ အများအပြားမြင့်တက်လာခြင်းက ၎င်း၏ ပိုင်ဆိုင်မှုကို ပြီးခဲ့သည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၇ ဘီလီယံအထိ တိုးလာစေခဲ့သည်။

အမေရိကန်နိုင်ငံတစ်ဝန်း တက်စလာကားများ ဖျက်ဆီးခံခဲ့ရသည့် အကြမ်းဖက်ဆူပူမှု ဖြစ်စဉ်များကြောင့် တက်စလာ၏ ရှယ်ယာအများအပြား ရောင်းချမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**






အဆောက်အအုံပြိုကျမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေစဉ်။

# ထိုင်းနိုင်ငံ ဗန်ကောက်၌ ငလျင်ကြောင့် ပြိုကျခဲ့သည့် အဆောက်အအုံ အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ဆက်လက်ရှာဖွေ

**ဗန်ကောက် ဧပြီ ၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဆောက်လုပ်ဆဲ အထပ်မြင့် အဆောက်အအုံ ပြိုကျမှုဖြစ်ပွားပြီးနောက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်ရပ်ကြောင့် လူပေါင်း ၁၅ ဦးခန့် သေဆုံးပြီး ၇၀ ကျော် ပျောက်ဆုံးနေသည်ဟု တာဝန်ရှိသူများက ပြောသည်။ အထပ် ၃၃ ထပ်ရှိ အဆောက်အအုံပြိုကျမှုမှာ ငါးရက်ကို ကျော်လွန်လာပြီဖြစ်သည်။ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အပျက်အစီးများအောက် ပိတ်မိနေသော ဆောက်လုပ်ရေးလုပ်သားများအား ကယ်တင်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိတ်မိနေသူများသည် အသက်ရှင်ကြောင်း လက္ခဏာများကို ရှာဖွေတွေ့ရှိရန် ခက်ခဲလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ထိုင်း စက်မှုဝန်ကြီးဌာနက အဆောက်အအုံဆောက်လုပ်ရာတွင် အသုံးပြုသော သံမဏိအချို့မှာ ခိုင်ခံ့မှုစံချိန်စံညွှန်းများနှင့် မကိုက်ညီကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံသို့ သေနတ်သယ်ဆောင်လာသည့် ခရီးသွား အဖမ်းခံရ

**တိုကျို ဧပြီ ၂**

အမေရိကန် ခရီးသွားတစ်ဦးက ဂျပန်နိုင်ငံသို့ သေနတ်တစ်လက် မတော်တဆ သယ်ဆောင်လာမိသည်ဟု ဝန်ခံခဲ့ပြီးနောက် ဂျပန်ရဲများက ၎င်းကို ဖမ်းဆီးခဲ့သည်ဟု ပြည်တွင်းမီဒီယာတွင် ဧပြီ ၂ ရက်က ဖော်ပြခဲ့သည်။

ကန်ဆိုင်လေဆိပ်မှတစ်ဆင့် ဝင်ရောက်လာသည့် အသက် ၇၇ နှစ်အရွယ် အမေရိကန်နိုင်ငံသားသည် မတ် ၂၂ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် မတ် ၂၃ ရက်က ခိုဘီဆိပ်ကမ်းရှိ သင်္ဘောပေါ်သို့တက်စဉ် ၎င်း၏ ခရီးဆောင်အိတ်အတွင်း၌ သေနတ်တစ်လက်ပါကြောင်း သင်္ဘောဝန်ထမ်းအား ပြောကြားခဲ့သည်။

၎င်း၏ ခရီးဆောင်အိတ်အတွင်းမှ ခြောက်လုံးပြူး သေနတ်ကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ လက်နက်ထိန်းချုပ်ရေးဥပဒေကို ချိုးဖောက်သည်ဟု ဆိုကာ ရဲများက ၎င်းကိုဖမ်းဆီးခဲ့သည်။ အဆိုပါ သေနတ်မှာ မိမိကိုယ်ကိုကာကွယ်ရန် ကိုင်ဆောင်ခြင်းဖြစ်ပြီး မတော်တဆ ၎င်း၏ခရီးဆောင်အိတ်အတွင်း ထည့်မိခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများအား ပြောသည်။

ခိုဘီ ဆိပ်ကမ်းတွင် သေနတ်မှ ကျည်ဆန်များကို ထုတ်ပစ်ခဲ့ကြောင်း အဆိုပါအမျိုးသားက ရှင်းပြခဲ့သည်။ ခိုဘီ ဆိပ်ကမ်း အမှိုက်ပုံးအတွင်း ကျည်ဆန် သုံးတောင့်ရှာတွေ့ခဲ့ကြောင်း ရဲများက ပြောသည်။

၎င်းသည် ဟာဝိုင်အီလေဆိပ်နှင့် ကန်ဆိုင်လေဆိပ် နှစ်ခုစလုံးတွင် လုံခြုံရေးများ၏ အစစ်အဆေးကို ကျော်လွန်ကာ ခရီးဆောင်အိတ်အတွင်း သေနတ်ထည့်လာခဲ့ခြင်းဖြစ်သည်ဟု ရဲများက ယူဆသည်။

**ဆင်ဟွာ**

# ဒုတိယမြောက်လေယာဉ်တင်သင်္ဘောကို အရှေ့အလယ်ပိုင်းသို့ စေလွှတ်မည်

**လော့စ်အိန်ဂျလိစ် ဧပြီ ၂**

အမေရိကန်သည် ဒုတိယမြောက်လေယာဉ်တင်သင်္ဘောကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်မည်ဟု ပင်တဂွန်က ပြောသည်။

ဟယ်ရီ အက်စ်ထရူးမန်း လေယာဉ်တင်သင်္ဘောကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်မည်ဖြစ်ပြီး ဒေသတွင်းတည်ငြိမ်ရေးကိုမြှင့်တင်ရန်၊ ကျူးကျော်မှုများကို တားဆီးရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုကို လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ယခုလို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပင်တဂွန်မှ ပြောရေးဆိုခွင့်ရှိသူ ရှောင်ပါနယ်က ဧပြီ ၁ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မတ် ၁၅ ရက်က အမေရိကန်သည် ယီမင်နိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီးနောက် အမေရိကန်နှင့် ဟူသီများအကြား တင်းမာမှုများ မြင့်မားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်လေကြောင်းလိုင်းများ အစ္စရေးသို့ ပြန်လည်ပြေးဆွဲ

**ဝါရှင်တန် ဧပြီ ၂**

အမေရိကန်ဒဲလ်တာလေကြောင်းလိုင်းသည် အစ္စရေးနိုင်ငံ တယ်အဗစ်မြို့ပြင် ဘန်ဂူရီယန်လေဆိပ်သို့ ဧပြီ ၁ ရက်က ပြန်လည် ပျံသန်းပြေးဆွဲပြီဖြစ်သည်။

အစ္စရေးတွင် ပဋိပက္ခများ ဖြစ်ပွားခဲ့သောကြောင့် ဒဲလ်တာသည် လွန်ခဲ့သည့်နှစ် ဩဂုတ်လ အစောပိုင်းက အစ္စရေးသို့ လေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှုကို ရပ်နားခဲ့သည်။

မတ်လအလယ်ခန့်က ယူနိုက်တက် လေကြောင်းလိုင်းသည် အစ္စရေးသို့ လေကြောင်းလိုင်း ပြန်လည် ပြေးဆွဲခဲ့ပြီးနောက် ယခုအခါတွင် ဒဲလ်တာသည် အစ္စရေးသို့ လေကြောင်းလိုင်း ပြန်လည်ပြေးဆွဲခဲ့သည့် ဒုတိယမြောက် အမေရိကန်လေကြောင်းလိုင်းဖြစ်လာခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ပြေးဆွဲမှုကို ရပ်နားခဲ့သော လက်ဗီးယား၏ အဆင့်မြင့်လေကြောင်းလိုင်းတစ်ခုဖြစ်သော အဲယားဘောတစ်သည် ယခုအခါ အစ္စရေးသို့ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

လွန်ခဲ့သည့်နှစ် ဩဂုတ်လတွင် အစ္စရေးသို့ လေကြောင်း ပျံသန်းပြေးဆွဲမှု ရပ်နားခဲ့သော ဗြိတိန်အဲယားဝေးသည် မကြာမီ အစ္စရေးသို့ လေကြောင်းပျံသန်းပြေးဆွဲမှု ပြန်လည်စတင်မည်ဖြစ်သည်။

**ဆင်ဟွာ**




# ထရမ့်အစိုးရက စစ်ပစ္စည်းတင်ပို့မှုအပေါ် စည်းမျဉ်းများ လျှော့ချပေးမည်

**နယူးယောက် ဧပြီ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရသည် စစ်ဘက်ဆိုင်ရာ ပစ္စည်းတင်ပို့မှုအပေါ် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ လျှော့ချပေးမည့် သမ္မတအမိန့်တစ်ရပ်ကို ကြေညာရန် စီစဉ်လျက်ရှိကြောင်း မီဒီယာအချို့တွင် ဖော်ပြထားသည်။

သမ္မတအမိန့်သည် အဓိက အမေရိကန် ကာကွယ်ရေး ကန်ထရိုက်တာများ ဖြစ်သည့် ဘိုးရင်းနှင့် လော့ဒ်ဟီးဒ်မာတင်ကဲ့သို့သော ကန်ထရိုက်တာများအတွက် ရောင်းအားကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါအမိန့်ကို သမ္မတထရမ့်၏ အမျိုးသားလုံခြုံရေးအကြံပေး မိုက်ကယ်ဝေါ့ဇ်က လွန်ခဲ့သည့်နှစ်တွင် အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၂**

မတ် ၂၈ ရက် အင်အားပြင်းမြေငလျင် လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ သာမိုင်းခမ်းကျေးရွာရှိ သာမိုင်းခမ်းရွှေချမ်းသာဘုရားကြီးနှင့် စေတီပုထိုးများ၊ သာသနိကအဆောက်အဦများ ပြိုကျပျက်စီးမှုများအား ရှင်းလင်းဖယ်ရှား၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သာမိုင်းခမ်းမွေတော်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်၍ သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် ဘုရားကြီးပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့အပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်ပန်းမြို့ ရေချိုကျေးရွာအုပ်စု ဇောတိရပ်ကွက်ရှိ မယ်ကောမိစေတီတော်နှင့် ကလောမြို့နယ် ရေယားကျေးရွာအုပ်စု ဝိဇ္ဇာတောင်ပေါ်ရှိ စေတီပုထိုးများ ပြိုကျပျက်စီးမှုများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မေ ၁ ရက် ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ငလျင်ဒဏ်သင့်ပြည်သူများအား ဘယ်လာရုစ်သမ္မတနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့ပြင် ကျောက်ဆည်တပ်နယ်မှ တာဝန်ရှိသူများကလည်း ကျောက်ဆည်မြို့တွင် ရောက်ရှိနေသည့် လာအိုနိုင်ငံမှ ဆေးအကူအညီပေးရေးအဖွဲ့က ပြည်သူ့ဆေးရုံတွင် ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ နည်းပညာတက္ကသိုလ်၊ ကျောက်သေတ္တာကျောက်ဆောင်ဘုရား၊ Bright Kids School နေရာများနှင့် ပလိပ်မြို့ရှိ ပညာစံအိမ် အထက်တန်းကျောင်းတို့အား အပျက်အစီးရှင်းလင်းဖယ်ရှား၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နေမှုများကိုလည်းကောင်း၊ ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီး၌ လာအိုနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးနေမှုအခြေအနေများကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ်၊ ရန်ကုန်–မန္တလေး လမ်းဟောင်းရှိ ပင်းချားတံတားကိုလည်းကောင်း၊ တံတားဦးမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို လည်းကောင်း၊ အင်းဝရှေးဟောင်းနယ်မြေရှိ သမိုင်းဝင်မဟာမုနိဘုရား၊ လေးထပ်ကြီးကျောင်း၊ ပြတိုက်၊ ဗားကရာကျောင်း၊ နန်းမြှင့်မျှော်စင်၊ မယ်နုအုတ်ကျောင်း၊ အိုးထုတ္တန်းဆိပ်ကမ်းနှင့် မြို့ရိုးနေရာများကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် အဖွဲ့များသည် မန္တလေးနန်းမြို့ရိုး အနောက်ဘက် လမ်း ၈၀ နှင့် တောင်ဘက် ၂၆ လမ်း လမ်းဘေးဝဲယာတွင် ငလျင်ဒဏ်သင့်ပြည်သူများ ယာယီနေထိုင်မှု အဆင်ပြေစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်မှ ဆောက်လုပ်ပေးနေသည့် တဲများတွင် ဝင်ရောက်နေထိုင်နေသည့် ပြည်သူများအား သွားရောက်တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးစကားပြောကြားပြီး သောက်ရေအဆင်ပြေစေရန်အတွက် ရေသန့်စက်နှစ်လုံး ဆောက်လုပ်နေသည့်နေရာများသို့ လည်းကောင်း၊ မန္တလေးမြို့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ပြိုကျနေသည့် နေရာများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့သွားရောက်၍ ဘုရားကြီးရင်ပြင်တော်တွင် ပြိုကျပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့ပြင် ဘုရားကြီးရင်ပြင်၌ အပျက်အစီးများရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော စိန်ဖူးတော်နှင့် ရတနာပစ္စည်းများအား တာဝန်ရှိသူများက ဘုရားကြီး၏ ဂေါပကထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ကြသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော သမိုင်းဝင်လောကမာရဇိန်နန်းဆော်ဦးစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်၍ ပြန်လည်တည်ထားကိုးကွယ်မည့် ထီးတော်များကို အမွေးနံ့သာရည်များ ပက်ဖျန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ကန်သာဗလီဝတ်ပြုကျောင်းကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များအား သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ ရှေးဟောင်းသမိုင်းဝင် သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီး၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး အလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများ လှူဒါန်းခြင်း၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) နှင့် အသက်ဆုံးရှုံးခဲ့ရသည့် ဝန်ထမ်းမိသားစုအား တွေ့ဆုံအားပေး၍ ပံ့ပိုးကူညီမှုများပေးအပ်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ရောဝတီ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ သည် လျှင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့သည့် မန္တလေးမြို့ရှိ မြန်မာဘောလုံး အကယ်ဒမီအား မေ ၂ ရက်က သွားရောက်ကြည့်ရှု၍ အသက်ဆုံးရှုံးခဲ့ရသည့် ဝန်ထမ်းမိသားစုအား တွေ့ဆုံအားပေး၍ ပံ့ပိုးကူညီမှုများ ပေးအပ်သည်။



မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် အကယ်ဒမီ ဝန်ထမ်းမိသားစုဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ပြီး ကလေးငယ်တစ်ဦး ဒဏ်ရာရရှိခဲ့ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက အဆိုပါမိသားစုဝင်များအား တွေ့ဆုံနှစ်သိမ့် အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ကူညီငွေပေးအပ်ခဲ့သည်။

ယင်းနောက် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အကယ်ဒမီ အဆောက်အအုံအား လိုက်လံစစ်ဆေး၍ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံကာ ပံ့ပိုးကူညီငွေများ ပေးအပ်သည်။

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်နေသောကြောင့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) တွင် ပညာသင်ကြားနေသည့် ကျောင်းသားများမရှိဘဲ နေရပ်ပြန်နေသဖြင့် ငလျင်လှုပ်ခတ်စဉ်အတွင်း ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

**ကိုညီလေး၊ ဓာတ်ပုံ–MFF**

- ❖ **မိမိနေထိုင်ရာ နေရာသည် မည်သည့် ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသည်ကို လေ့လာထားပါ။**
- ❖ **ဘေးကင်းလုံခြုံသော နေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။**

# လူသားများ၏ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေဆဲ ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza)

**ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)**

ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza) သည် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်နိုင်သည့်ရောဂါဖြစ်သည်။ ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီ(UN)၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်စွဲပါ ထုတ်ပြန်ချက်အရ ကြက်ငှက်တုပ်ကွေးရောဂါသည် ကမ္ဘာ့တိုက်ကြီးငါးတိုက်ရှိ နိုင်ငံပေါင်း ၁၀၈နိုင်ငံတွင် ဖြစ်ပွားနေပြီး မျိုးသုဉ်းလုနီးပါး California condor နှင့် ဝင်ရိုးစွန်းဝက်ဝံများအပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၇၀ ကျော်တို့သည် Avian Influenza ဗိုင်းရပ်စ်ပိုးကူးစက်ခံခဲ့ရသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ငှက်မျိုးစိတ်ပေါင်း ၅၀၀ ကျော်ကိုထိခိုက်စေခဲ့ပြီး ယင်းတို့တွင် ရေနေငှက်ရိုင်းများ၊ မွေးမြူရေးကြက်ငှက်များနှင့် အခြားငှက်မျိုးစိတ်များပါဝင်ကာ Royal Terns နှင့် African Penguins ကဲ့သို့သော မျိုးစိတ်အချို့သည် သေဆုံးနှုန်းမြင့်မားစွာ ကြုံတွေ့ခဲ့ရပြီး ကမ္ဘာတစ်ဝန်းတွင် ငှက်ကောင်ရေသန်း ၃၀၀ ကျော်ကို သေဆုံးစေခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ဖြစ်ပွားခဲ့မှုအခြေအနေ

| ရောဂါဖြစ်ပွားမှု အကြိမ် | ရောဂါဖြစ်ပွားသည့်နေရာ | ရက်စွဲ | သုတ်သင်ရှင်းလင်းခဲ့သော ကြက်ကောင်ရေ |
|---|---|---|---|
| ပထမအကြိမ် | မန္တလေး၊စစ်ကိုင်း | ၈.၂.၂၀၀၆ | ၀.၆၆ သန်း |
| ဒုတိယအကြိမ် | ရန်ကုန်၊ မွန်၊ ပဲခူး | ၂၇.၂.၂၀၀၇<br>၁၉.၁၀.၂၀၀၇ | ၀.၁၁၃ သန်း |
| တတိယအကြိမ် | ကျိုင်းတုံ၊ မိုင်းဖြတ် | ၁၈.၁၁.၂၀၀၇ | ၀.၀၃ သန်း |
| စတုတ္ထအကြိမ် | ရန်ကုန်၊ စစ်ကိုင်း | ၅.၂.၂၀၁၀<br>၇.၃.၂၀၁၀ | ၁၆၂၉၃ ကောင်ရေ |
| ပဉ္စမအကြိမ် | ရခိုင်ပြည်နယ်(စစ်တွေ)<br>စစ်ကိုင်းတိုင်း(တန့်ဆည်၊ ဒီပဲယင်း၊ရေဦး | ၁၀.၁.၂၀၁၁<br>၅.၂.၂၀၁၁ | ၅၃၄၉၆ ကောင်ရေ<br>၃၈၅၂၁ ကောင်ရေ |
| ဆဋ္ဌမအကြိမ် | စစ်ကိုင်းတိုင်း(ချောင်းဦး)<br>ပဲခူးတိုင်း (တောင်ငူ) | ၂၅.၂.၂၀၁၂<br>၁၂.၃.၂၀၁၂ | ၉၉၉ ကောင်ရေ<br>၁၉၉၆ ကောင်ရေ |
| သတ္တမအကြိမ် | စစ်ကိုင်းတိုင်း<br>(မုံရွာကြက်မွေးမြူရေးခုန်) | ၁၀.၂.၂၀၁၅ | ငုံး ၁၅၃၂၀၉ ကောင်ရေ<br>ကြက် ၅၈၃၁၃ ကောင်ရေ |
| အမအကြိမ် | စစ်ကိုင်းတိုင်း<br>(မုံရွာကြက်မွေးမြူရေးခုန်) | ၇.၄.၂၀၁၆ | ၈၈၆၂၂ ကောင်ရေ |
| နဝမအကြိမ် | တနင်္သာရီ (ထားဝယ်)<br>ရန်ကုန်(မရမ်းကုန်း) | ၁၆.၇.၂၀၁၇<br>၂၈.၇.၂၀၁၇ | ၂၅၅၉၇ ကောင်ရေ |

**ကမ္ဘာလုံးဆိုင်ရာ လူသို့ကူးစက်မှုအခြေအနေများ**

၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သို့ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကြက်ငှက်တုပ်ကွေး A(H5N1) ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၅၄ ဦးကို သတင်းပို့ခဲ့သည်။ အဆိုပါ ၉၅၄ ဦးအနက် ၄၆၄ ဦး သေဆုံးခဲ့ပြီး သေဆုံးနှုန်းမှာ ၄၉ ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်။

**လတ်တလော လူသို့ကူးစက်မှုအခြေအနေများ**

၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်အထိ WHO သို့ ကြက်ငှက်တုပ်ကွေး A(H5N1) ဗိုင်းရပ်စ် ကူးစက်ခံရသူ ၉၂ ဦးကို သတင်းပို့ခဲ့ပြီး၊ ၆၄ ရာခိုင်နှုန်း (၅၉ ဦး) မှာ အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပွားခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် clade 2.3.4.4b နှင့်ဆက်စပ်သော A(H5N1) ဗိုင်းရပ်စ်များသည် ၂၀၂၁ ခုနှစ်တွင် ပြန်လည်မြင့်တက်လာခဲ့သည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုမှဖြစ်ရပ်များကို ချန်လှပ်ထားပါက ၂၀၂၂ ခုနှစ် ဇန်နဝါရီမှစ၍ အခြားနိုင်ငံပေါင်း ငါးနိုင်ငံမှ clade 2.3.4.4b နှင့်ဆက်စပ်သော A(H5N1) ဖြစ်ရပ် ၁၁ ခုကိုလည်း WHO သို့ သတင်းပို့ခဲ့သည်။

> **❍ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကူးစက်ခံရသူများတွင် ရောဂါလက္ခဏာမှာ သိပ်မပြင်းထန်သည့်အခြေအနေမှ အလွန်ပြင်းထန်ပြီး သေဆုံးသည်အထိဖြစ်နိုင်**
>
> **❍ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးသည် ၄ ဒီဂရီစင်တီဂရိတ်ရှိ ကြက်ချေးတွင် ၃၅ ရက်ခန့် အသက်ရှင်နေနိုင်ပြီး ကြက်ခြံမှ ကြက်များထုတ်ပယ်ပြီး ကြက်ခြံဝန်းကျင်တွင် ငါးပတ်ကြာ အသက်ရှင်နေနိုင်ပါသည်။ ဗိုင်းရပ်စ်ပိုးသည် PH 5.5 မှ 8 အတွင်း အသက်ရှင်နိုင်ပြီး ၂၂ ဒီဂရီစင်တီဂရိတ်ရှိ ကန်ရေတွင် လေးရက်ကြာနှင့် သုညဒီဂရီစင်တီဂရိတ်တွင် ၃၀ ရက်ကြာနေနိုင်ကာ ကူးစက်နိုင်စွမ်း ရှိလေသည်**

**ကမ္ဘောဒီးယား**

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘောဒီးယားနိုင်ငံ Kampong Cham ပြည်နယ်မှ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးသည် H5N1 ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးသေဆုံးမှုဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် "အမျိုးသား ပြည်သူ့ကျန်းမာရေးအင်စတီကျူမှ ဓာတ်ခွဲစမ်းသပ်မှုများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် အဆိုပါအမျိုးသားသည် H5N1 ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည်"ဟု ဖော်ပြထားသည်။ ထိုလူနာသည် ကြက်များမွေးမြူပြီး နေမကောင်းသော ကြက်များကို ချက်ပြုတ်စားသောက်ခဲ့သည်" ဟုလည်း ထုတ်ပြန်ချက်တွင် ပါရှိပါသည်။ ထို့ကြောင့် ကြက်ငှက်တုပ်ကွေးရောဂါသည် လူသားတို့၏ လက်တစ်ကမ်းအကွာတွင်ရှိနေသော တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ကြောင်း သတိပြုကြရမည်ဖြစ်သည်။

**ကြက်ငှက်တုပ်ကွေးရောဂါ၏အရေးကြီးပုံ**

ကြက်ငှက်တုပ်ကွေးရောဂါသည် အောက်ဖော်ပြပါ အကြောင်းအရာများကြောင့် (က)စာရင်းဝင်ရောဂါတစ်ခုအဖြစ် သတ်မှတ်ထားကြပါသည်-

(က) ငှက်ရိုင်းများသေဆုံးမှုများရှိ၍ (သဘာဝအခြေခံကိုပျက်စီးစေပါသည်။)

(ခ) မွေးမြူထားသောကြက်များ သေဆုံးမှုနှုန်းများပြားခြင်း။ (စီးပွားရေးဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါသည်။)

(ဂ) လူများသို့ကူးစက်၍ သေဆုံးစေနိုင်ခြင်း။ (ကျန်းမာရေး အန္တရာယ်ဖြစ်ပေါ်စေခြင်းနှင့် လူသေဆုံးမှုတိုင်း၌ မွေးမြူထားသောကြက်များနှင့် ထိတွေ့မှုကြောင့် ဖြစ်ပွားကြောင်း သိရှိရပါသည်။ ထို့အပြင် H5N1 ဗိုင်းရပ်စ်သည်မျိုးရိုးဗီဇပြောင်း၍ လူမှတစ်ဆင့် လူသို့ကူးစက်နိုင်ပြီး ကမ္ဘာ့ကပ်ရောဂါအသွင် ရောက်ရှိသွားနိုင်ပါသည်။)

**အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ**

အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenza) ဆိုသည်မှာ Avian Influenza တုပ်ကွေးဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသော ရောဂါဖြစ်ပြီး ခြောက်ပတ်သားကြက်များတွင် ၅၀ ရာခိုင်နှုန်းထက် ပိုလျှင်သော်လည်းကောင်း၊ ဗိုင်းရပ်စ်အမျိုးအစား ပိုးမျိုးကွဲ (H5) နှင့် (H7) တို့ကြောင့် ရောဂါဖြစ်လျှင်သော်လည်း အပြင်းစား ကြက်ငှက် တုပ်ကွေးရောဂါအဖြစ် သတ်မှတ်ရန်ဖြစ်ပါသည်။ Influenza တုပ်ကွေးဗိုင်းရပ်စ် အမျိုးအစားများကို Type A, B, C, နှင့် D ဟူ၍ အမျိုးအစားလေးမျိုးခွဲခြားထားပါသည်။ သို့သော် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်များသည် Type A အမျိုးအစားသာဖြစ်ပါသည်။ Type A မှာ လူ၊ မြင်း၊ ဝက်၊ ကြက်၊ ငှက်တို့တွင် အပြင်းစားအဖြစ်လည်းကောင်း၊ Type Bမှာ လူနှင့်ပင်လယ်ဖျံတွင် တုပ်ကွေးအဖြစ် လည်းကောင်း၊ Type C မှာ လူနှင့်ဝက်တွင် အပျော့စား တုပ်ကွေးအဖြစ်လည်းကောင်းဖြစ်ပွားနိုင်ပြီး Influenza D ဗိုင်းရပ်စ်များကို နွားများနှင့် ဝက်များတွင်တွေ့ရှိရပါသည်။ Influenza A ဗိုင်းရပ်စ်များကို မျက်နှာပြင်ပရိုတင်းများဖြစ်သော hemagglutinin (HA or H) နှင့် neuraminidase (NA or N) တို့အပေါ် အခြေခံ၍ အမျိုးအစားခွဲများ ထပ်မံခွဲခြားထားပါသည်။ Type A အမျိုးအစား ကြက်ငှက်များတွင်ဖြစ်သော အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါသည် ကြက်မှလူသို့ကူးစက်နိုင်သောကြောင့် အန္တရာယ်ရှိပေသည်။ Zoonotic Avian Influenza A viruses ဆိုသည်မှာ ကြက်ငှက်များမှ လူသားများဆီသို့ ကူးစက်နိုင်သော ဗိုင်းရပ်စ်များဖြစ်ပြီး H5N1, H5N6, H5N8, H7N2, H7N3, H7N4, H7N7, H7N9, နှင့် H9N2 ကဲ့သို့ အုပ်စုခွဲများပါဝင်ကာ ကူးစက်မှုများဖြစ်ပွားစေနိုင်ပြီး ကပ်ရောဂါအသွင် ပျံ့နှံ့နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် ကူးစက်ခံရသူများတွင် ရောဂါလက္ခဏာမှာ သိပ်မပြင်းထန်သည့်အခြေအနေမှ အလွန်ပြင်းထန်ပြီး သေဆုံးသည်အထိဖြစ်နိုင်သည်။

**ကြက်ငှက် တုပ်ကွေးဗိုင်းရပ်စ်ပိုးရှင်သန်နိုင်မှု**

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးသည် ၄ ဒီဂရီစင်တီဂရိတ်ရှိ ကြက်ချေးတွင် ၃၅ ရက်ခန့် အသက်ရှင် နေနိုင်ပြီး ကြက်ခြံမှကြက်များထုတ်ပယ်ပြီး ကြက်ခြံဝန်းကျင်တွင် ငါးပတ်ကြာ အသက်ရှင်နေနိုင်ပါသည်။ ဗိုင်းရပ်စ်ပိုးသည် PH 5.5 မှ 8 အတွင်း အသက်ရှင်နိုင်ပြီး ၂၂ ဒီဂရီစင်တီဂရိတ်ရှိ ကန်ရေတွင် လေးရက်ကြာနှင့် သုညဒီဂရီစင်တီဂရိတ်တွင် ၃၀ ရက်ကြာနေနိုင်ကာ ကူးစက်နိုင်စွမ်းရှိလေသည်။ PH12.5 ရေ(သို့) ကလိုရင်း ဆေးခတ်ခြင်းဖြင့် ရေကန်နှင့်ဆည်များမှရောဂါပျံ့နှံ့မှုကို နည်းစေနိုင်သည်။ ဗိုင်းရပ်စ်ပိုးသည် အပူချိန်၅၆ ဒီဂရီစင်တီဂရိတ်တွင် သုံးနာရီကြာသည့်အခါ အားပျော့သွားသည်။ ကြက်ဥကို ၆၀ ဒီဂရီ စင်တီဂရိတ်အထက်တွင် မိနစ် ၃၀ ခန့်နှင့် ကြက်သားကို ၁၀၀ ဒီဂရီစင်တီဂရိတ်တွင် နှစ်မိနစ်အထက်ကြာအောင် ချက်ပြုတ်ပြီး အန္တရာယ်ကင်းစွာ စားသုံးနိုင်ပါသည်။ မြန်မာ့ဓလေ့ထုံးစံအရ ကြက်သားကို ရေပွက်ပွက်ဆူအောင် ချက်ပြုတ်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်သော်လည်း ကြက်ဥအစိမ်းသောက်ခြင်း၊ မကျက်တကျက်စားခြင်းသည် အန္တရာယ်ကြီးလှသည်။

**ရောဂါဖြစ်စေနိုင်သော တိရစ္ဆာန်မျိုးစိတ်များနှင့် သဘာဝလက်ခံကောင်များ**

ကြက်၊ ဘဲ၊ ငန်း၊ ငုံး၊ ရစ်၊ ခိုနှင့် သဘာဝကျေးငှက်များအပြင် ဝက်၊ ကြောင်၊ ဝေလငါးနှင့် ပင်လယ်ဖျံတို့တွင်လည်း ရောဂါပိုးတွေ့ရှိနိုင်ပါသည်။ ရေတွင်ကျက်စားလေ့ရှိသော ငှက်ရိုင်းများနှင့်ဝက်တို့သည်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

သဘာဝအားဖြင့် ရောဂါပိုးသယ်ဆောင်ထားနိုင်သော လက်ခံကောင်များဖြစ်ပါသည်။ ရောဂါပိုးအမျိုးအစားနှင့် ရောဂါလက်ခံကောင်ပေါ်မူတည်၍ အချို့တွင် ရောဂါလက္ခဏာပြခြင်း၊ မပြခြင်းရှိပါသည်။

**လူသားများနှင့် ကြက်ငှက်တုပ်ကွေးအန္တရာယ်**

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်သည် ကြက်များတွင် စတင်ပေါ်ပေါက်ရာမှ အသွင်ပြောင်းပြီး H5N1 ဟုခေါ်သော ဗိုင်းရပ်စ်ပိုးသစ်တစ်မျိုးသည် လူသားများထံသို့ စတင်ကူးစက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဗိုင်းရပ်စ်သည် အသွင်ထပ်မံပြောင်းသွားပြီး လူမှလူအချင်းချင်းသို့ အလွယ်တကူကူးစက်နိုင်သည့်အဆင့်အထိ ရောက်ရှိလာနိုင်ပါသည်။ ထိုသို့ကူးစက်ခံရန်အတွက် ကြက်ငှက်များနှင့် ထိတွေ့စရာမလိုဘဲ ချောင်းဆိုး၊ နှာချေရာမှတစ်ဆင့် ကမ္ဘာတစ်လွှားသို့ တစ်မုဟုတ်ချင်းကူးစက်ပြန့်ပွားနိုင်ပါသည်။ ယင်းကို နေရာအနှံ့အပြားဖြစ်ပွားသော ကပ်ရောဂါတုပ်ကွေးဟု ခေါ်ဆိုလာနိုင်ပါသည်။ ထိုအချက်ကို တစ်ကမ္ဘာလုံးက စိုးရိမ်ပူပန်နေကြပေသည်။ လူတစ်ဦးတည်းတွင်သာ ထိုအခွင့်အလမ်းကို ရသွားပါက ကပ်ရောဂါဆိုးအဖြစ် ကျရောက်နိုင်စွမ်းရှိပေသည်။ ဖျားနာနေသောကြက်များနှင့် လူသားများ ထိတွေ့မှုများလေလေ အဆိုပါဗိုင်းရပ်စ်အတွက် အသွင်ပြောင်းဖို့ အခွင့်သာလေလေဖြစ်သည်။ အပြင်းစားကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးသည် လူ၏ အသက်ရှူအင်္ဂါစုများကို အဓိကထိခိုက်စေသောကူးစက်ရောဂါဖြစ်ပါသည်။

**လူသားများသို့ ကူးစက်နိုင်သည့်အခြေအနေများ**

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် လူခန္ဓာကိုယ်အတွင်းသို့ အလွယ်တကူဝင်ရောက်ပြီး ရောဂါကူးစက်တတ်ပါသည်။ ကြက်နာကျနေသော သို့မဟုတ် သေဆုံးနေသော ကြက်ငှက်များကို ထိမိ၊ ကိုင်မိရာမှတစ်ဆင့်လည်းကောင်း၊ ရောဂါပိုးရှိသောကြက်ငှက်များ၏ မစင်များကို ထိမိ၊ ကိုင်မိခြင်းကြောင့်လည်းကောင်း၊ ရောဂါပိုးရှိသောကြက်ငှက်များကို စားသုံးခြင်းဖြင့်လည်းကောင်း၊ ရောဂါပိုးကပ်ငြိနေသော ကြက်ဥ၊ ဘဲဥ၊ ငုံးဥများကို ကျက်အောင်မချက်ခြင်းကြောင့်လည်းကောင်း၊ ရောဂါရှိသော ကြက်ငှက်များ၏ အရည်များ၊အသားစိမ်းများကိုကိုင်မိပြီး လက်မဆေးမိပါကလည်းကောင်း၊ အသားခုတ်ထစ်သော စဉ်းတီတုံးကဲ့သို့အောက်ခံအရာများကို မဆေးကြောမိဘဲ သုံးစွဲမိရာမှလည်းကောင်း ကူးစက်နိုင်ပါသည်။ မွေးမြူရေးကြက်များအား တစ်နေရာမှတစ်နေရာသို့ သယ်ယူရာတွင် ဖောက်ထိုးချိတ်ဆွဲ သယ်ဆောင်ခြင်းဖြင့် နှာခေါင်း၊ နှုတ်သီး၊ စအို စသည်တို့မှ အချွဲအရည်များ၊ မစင်များပိုမိုထွက်ရှိကာ လူနှင့်အခြား ကြက်ငှက်များသို့ ရောဂါအလွယ်တကူ ကူးစက်စေနိုင်သောကြောင့် ဒေသခံပြည်သူများနှင့် ကြက်မွေးမြူရောင်းဝယ်သယ်ဆောင်သူများအား ပညာပေးဟောပြောပွဲများ၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထုအသိပညာမြှင့်တင်ရေးဆွေးနွေးပွဲများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်းဆောင်ရွက်ခဲ့ပါသည်။

**မွေးမြူရေးလုပ်ငန်းရှင်များအတွက် ကာကွယ်နည်းများ**

မိမိတို့၏ ကြက်၊ ဘဲ၊ ငုံးခြံများတွင် ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်-

- ➢ ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရပါမည်။
- ➢ ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရပါမည်။
- ➢ ရောဂါဖြစ်နေသောကြက်၏ ကြက်ချေးတစ်ဂရမ်တွင်ပါဝင်သော ဗိုင်းရပ်စ်ပိုးပမာဏသည် ပတ်ဝန်းကျင်ရှိ ကြက်ကောင်ရေတစ်သန်းအထိ ထိုရောဂါပြန့်ပွားကူးစက်နိုင်ရန် လုံလောက်သဖြင့် ရောဂါဖြစ်သောခြံ၏ ကြက်ချေးများကို စနစ်တကျစုပုံ၍ ထုံးဖြူးအခြောက်ခံပြီး မီးရှို့ဖျက်ဆီးပစ်ရပါမည်။
- ➢ အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်လိုအပ်ပါသည်။
- ➢ မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ် ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန် လိုအပ်ပါသည်။
- ➢ ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ➢ ဘဲများကို ချောင်းမြောင်းလယ်ကွင်းထဲ၌ လွှတ်ကျောင်းမွေးမြူခြင်းသည် ကုန်ကျစရိတ်သက်သာသော်လည်း ရောဂါကူးစက် ပြန့်ပွားနိုင်သဖြင့် စည်းရိုးခတ်ထားသော ခြံအတွင်းရေကန်ထားရှိပြီး မွေးမြူနည်းစနစ်ကို ကျင့်သုံးသင့်ပေသည်။
- ➢ ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရမည်။
- ➢ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အရေးကြီးပါသည်။

ဖော်ပြပါ အခြေခံအချက်အလက်များကို လိုက်နာကျင့်သုံးခြင်းဖြင့် မိမိခြံကို ရောဂါကာကွယ်ပြီး ဖြစ်ပေမည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် လူနှင့်တိရစ္ဆာန်များအတွက် ကြီးမားသောအန္တရာယ်ရှိသော်လည်း စနစ်တကျကာကွယ်မှုများ ပြုလုပ်ပါက ရောဂါကူးစက်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်ထိန်းချုပ်ရန် အောက်ပါဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိသည်-

**ကြိုတင်ပြင်ဆင်မှု(Preparedness)**

- ➢ ကြက်ငှက်တုပ်ကွေး ရောဂါအတွက် အရေးပေါ်စီမံချက်များ - HPAI အရေးပေါ်စီမံချက်နှင့် H7N9 (LBVD) အရေးပေါ်စီမံချက်များဆောင်ရွက်ထားရှိခြင်း၊
- ➢ ကြက်ငှက်တုပ်ကွေးနှင့် လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ (National Steering Committee) ဦးဆောင်ကော်မတီ ဖွဲ့စည်းဆောင်ရွက်ထားရှိခြင်း၊
- ➢ National surveillance အဖြစ် နယ်စပ်ဒေသ၊ ကြက်ဈေးနှင့်မွေးမြူရေးခြံများတွင် ပုံမှန်စောင့်ကြည့်လေ့လာခြင်း၊
- ➢ ဓာတ်ခွဲခန်းစွမ်းရည်နှင့် အရင်းအမြစ်များ မြှင့်တင်ခြင်း၊ (Strengthening laboratory capacity and resources)

**ကြိုတင်ကာကွယ်ခြင်း (Prevention)**

- ➢ ကြက်မွေးမြူရေး လုပ်ငန်းရှင်များအား ရောဂါကာကွယ်ရေး နည်းလမ်းများကို ပညာပေးခြင်း။
- ➢ ကြက်ခြံများတွင်သန့်ရှင်းရေးနှင့် ပိုးသတ်ခြင်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ရန်နှင့် ကြက်ခြံ၏ ဇီဝလုံခြုံမှု (Biosecurity) မြှင့်တင်ရန်ညွှန်ကြားခြင်း။

**ရောဂါဖြစ်ပွားလာပါက ရောဂါဖြစ်ပွားမှုကို အမြန်ထိန်းချုပ်ခြင်း**

- ➢ ပူးပေါင်းအဖွဲ့ဖြင့် ကူးစက်ရောဂါထွက်ပေါ်မှုကိုတုံ့ပြန်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း
- ➢ အရေးပေါ်စီမံချက်များရေးဆွဲခြင်း
- ➢ ရောဂါဖြစ်ပွားသည့် နေရာများတွင် သတ်ဖြတ်ရှင်းလင်းခြင်း (Stamping out)
- ➢ သီးသန့်ခွဲထားခြင်း (Quarantine)
- ➢ နိုင်ငံအတွင်းသွားလာမှုကို ထိန်းချုပ်ခြင်း (movement control)
- ➢ ဇုန်ခွဲခြင်း၊ ရောဂါဖြစ်ပွားသည့်နေရာများကို ပိုးသတ်ခြင်း (Disinfection)
- ➢ ဆေးဖျန်းခြင်း/ဆေးစိမ်ခြင်း (Dipping/Spraying)
- ➢ အမြန်တုံ့ပြန်ရေးအဖွဲ့ (Rapid Response Team) ထားရှိခြင်း

ဤနည်းလမ်းများသည် ရောဂါကူးစက်မှုများကို ထိရောက်စွာထိန်းချုပ်ရန်၊ ကာကွယ်ရန်နှင့်တုံ့ပြန်ရန် အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်များဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်ခြင်း**

- ➢ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (WOAH)၊ အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
- ➢ ဒေသဆိုင်ရာ ကျန်းမာရေးဌာနများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**ပညာပေးလှုံ့ဆော်ခြင်း**

- ➢ ကြက်ငှက်တုပ်ကွေးရောဂါ၏ အန္တရာယ်နှင့် ကာကွယ်နည်းများကို ပြည်သူလူထုအား ပညာပေးခြင်း။
- ➢ ရောဂါလက္ခဏာများကိုစောစီးစွာသတိပြုမိစေရန် လမ်းညွှန်ခြင်း။
- ➢ ရောဂါဖြစ်ပွားပါက ချက်ချင်းသတင်းပို့ရန် တိုက်တွန်းခြင်း။

**HPAI နှင့် LPAI အတွက် ဗိုင်းရပ်စ်လေ့လာစောင့်ကြည့်ခြင်း (Virological Surveillance)**

➢ HPAI (အပြင်းစား ကြက်ငှက်တုပ်ကွေး) နှင့် LPAI (အပျော့စားကြက်ငှက်တုပ်ကွေး) တို့အတွက် 'ဗိုင်းရပ်စ်လေ့လာစောင့်ကြည့်ခြင်း' သည် ရောဂါကူးစက်မှုများကို စောစီးစွာသိရှိနိုင်ရန်နှင့် ထိရောက် စွာ တုံ့ပြန်နိုင်ရန်အတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

**Virological Surveillance ၏ အဓိကလုပ်ငန်းဆောင်တာများ**

**၁။ နမူနာစုဆောင်းခြင်း**

- ➢ ငှက်များ၊ ကြက်များနှင့် အခြားကြက်ငှက်ဘဲ မျိုးစိတ်များမှနမူနာများ (ဥပမာ- သွေး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ နမူနာများ၊ အညစ်အကြေးများ) စုဆောင်းခြင်း။

**၂။ ဓာတ်ခွဲခန်းစစ်ဆေးခြင်း**

- ➢ စုဆောင်းထားသော နမူနာများကို ဓာတ်ခွဲခန်းတွင် ဗိုင်းရပ်စ်ရှာဖွေစစ်ဆေးခြင်း။
- ➢ HPAI နှင့် LPAI ဗိုင်းရပ်စ်များ၏ မျိုးဗီဇဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်ခြင်း။

**၃။ ဒေတာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း**

- ➢ ရောဂါဖြစ်ပွားမှုနှင့် ဗိုင်းရပ်စ်အမျိုးအစားများကို မှတ်တမ်းတင်ခြင်း။
- ➢ ကူးစက်မှုပုံစံများကို ခွဲခြမ်းစိတ်ဖြာကာ အန္တရာယ်အများဆုံး ဒေသများကို ခန့်မှန်းခြင်း။

> **❝ ကြက်ငှက် တုပ်ကွေးရောဂါသည် လူသို့ကူးစက်ပြီး သေစေနိုင်သည့်ရောဂါ ဖြစ်သဖြင့် တစ်နေရာတွင် ရောဂါဖြစ်ပွားပါက ထိုနေရာရှိ ကြက်များ သုတ်သင် (သတ်) ခံရခြင်း၊ နယ်မြေဖြတ်သန်းမှု၊ ရောင်းဝယ်မှုများ ပိတ်ပင်ခံရခြင်းကြောင့် ကြက်သား၊ ကြက်ဥများရောင်းမရဘဲ ဈေးနှုန်းများ လွန်စွာကျဆင်းပြီး မွေးမြူသူများ အရှုံးပေါ် စီးပွားပျက်သည်အထိ ခံစားကြရ ❞**

**၄။ တုံ့ပြန်မှုများ**

- ➢ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိပါက လျင်မြန်စွာတုံ့ပြန်နိုင်ရန် အရေးပေါ် အစီအမံများ ချမှတ်ခြင်း။
- ➢ ကူးစက်မှုကိုထိန်းချုပ်ရန် လိုအပ်သော ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း။

**Virological Surveillance ၏ အရေးပါမှု**

- ➢ ရောဂါကူးစက်မှုများကို စောစီးစွာသိရှိနိုင်ခြင်း။
- ➢ HPAI နှင့် LPAI ဗိုင်းရပ်စ်များ၏ မျိုးဗီဇပြောင်းလဲမှုများကို စောင့်ကြည့်နိုင်ခြင်း။
- ➢ ကြက်ငှက်များနှင့် လူသားများအပေါ် ရောဂါကူးစက်မှုအန္တရာယ်ကို လျှော့ချနိုင်ခြင်း။
- ➢ နိုင်ငံတကာကုန်သွယ်ရေးတွင် ကြက် ငှက်ထုတ်ကုန်များ၏ ဘေးကင်းလုံခြုံမှုကို သေချာစေခြင်း။

ဤလုပ်ငန်းစဉ်များသည် ကြက်ငှက်တုပ်ကွေးရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်ရန်နှင့် ထိန်းချုပ်နိုင်ရန်မရှိမဖြစ်အရေးပါသော လုပ်ငန်းများဖြစ်သည်။

ဤဆောင်ရွက်မှုများဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ကြက်ငှက်တုပ်ကွေး ရောဂါကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ပြည်သူလူထုအနေဖြင့်လည်း ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန် အရေးကြီးပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် လူသို့ကူးစက်ပြီး သေစေနိုင်သည့်ရောဂါဖြစ်သဖြင့် တစ်နေရာတွင်ရောဂါဖြစ်ပွားပါက ထိုနေရာရှိကြက်များ သုတ်သင်(သတ်)ခံရခြင်း၊ နယ်မြေဖြတ်သန်းမှု၊ ရောင်းဝယ်မှုများ ပိတ်ပင်ခံရခြင်းကြောင့် ကြက်သား၊ ကြက်ဥများရောင်းမရဘဲ ဈေးနှုန်းများ လွန်စွာကျဆင်းပြီး မွေးမြူသူများအရှုံးပေါ်စီးပွားပျက်သည်အထိ ခံစားကြရပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကဲ့သို့သော ရောဂါများကို ကာကွယ်ထိန်းချုပ်ရာတွင် လူသား၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့ကြား ဟန်ချက်ညီသောဆက်စပ်မှု (One Health) ကို ထိန်းသိမ်းခြင်းဖြင့် ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်မည် ဖြစ်သည်။ ။

## မြန်မာစာ၊ မြန်မာစကား

# ပူးတွဲသရေမရှိပါ

*ဒေါက်တာထွန်းတင့်*

**မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို နှစ်နှစ်ခြိုက်ခြိုက်ကြည့်ပါသည်။ ကျွန်တော်အသက် ၁၇၊ ၁၈ နှစ်အရွယ်လောက်က မြင်တွေ့ခဲ့ရသော မြန်မာ့ရိုးရာလက်ဝှေ့ပွဲများမှာ ရွှေတိဂုံစေတီတော်ခြေရင်းတွင် ကျင်းပခဲ့သော လက်ဝှေ့ပွဲများဖြစ်ပါသည်။ လက်ဝှေ့စင်ပေါ်တွင် ကျင်းပသော လက်ဝှေ့ပွဲများမဟုတ်ပါ။ မြေပြင်မြေကြီးပေါ်တွင် သဲများပုံခင်းပြီး သဲကွင်းတွင် ထိုးသတ်ကြသော လက်ဝှေ့ပွဲများဖြစ်ပါသည်။ လက်ဝှေ့ပွဲလာကြည့်ကြသောသူများကလည်း ထိုသဲကွင်း လက်ဝှေ့ပွဲဘေးပတ်လည်တွင် မတ်တပ်ရပ်၍ ကြည့်ကြရပါသည်။ စင်မြင့် ခုံမြင့်တွင် စတိုင်လ်ကျကျထိုင်၍ ကြည့်ကြရသည်မဟုတ်ပါ။ သို့သော် ပွဲကြည့်ပရိသတ်ကလည်း အလွန်စိတ်ဝင်စားကြပါသည်။ တက်တက်ကြွကြွ အားပေးကြပါသည်။**

ယခုအခါတွင်ကား မြန်မာ့လက်ဝှေ့ပွဲသည် စင်မြင့်ပေါ်သို့ ရောက်ကာ အဆင့်မြင့်မြင့်ထိုးသတ်ကြသော ကမ္ဘာ့သိလက်ဝှေ့ပွဲဖြစ်နေပါပြီ။ မြန်မာတို့ ဂုဏ်ယူဝင့်ကြွားကြရပါသည်။ သို့ရာတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများတွင် မြန်မာ့ရိုးရာစနစ်အတိုင်း လက်ဝှေ့ထိုးသတ်ကြရာ၌ အခြားကမ္ဘာ့လက်ဝှေ့ပွဲများကဲ့သို့ အမှတ်ပေးစနစ်ဖြင့် အနိုင်အရှုံး အဆုံးအဖြတ်မပြုကြသည်ကိုမူ ဘဝင်မကျနိုင်သေးပါ။ အဘယ်ကြောင့် အမှတ်ပေးစနစ်ဖြင့် အနိုင်အရှုံးမဆုံးဖြတ်ကြသည်ကိုလည်း မစဉ်းစားတတ်ပါ။ ထိုအကြောင်းကို ကြုံကြိုက်တုန်း စပ်မိစပ်ရာတင်ပြမိခြင်းသာ ဖြစ်ပါသည်။ ကျွန်တော့်ဆောင်းပါး၏ အဓိကအကြောင်းခြင်းရာမဟုတ်ပါ။

ကျွန်တော်တင်ပြလိုသည့် အဓိကအချက်မှာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွင် သုံးနှုန်းကြေညာနေသော "ပူးတွဲသရေ"ဟူသော ဝေါဟာရအသုံးအနှုန်းဖြစ်ပါသည်။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲမှာဖြစ်ဖြစ်၊ အခြားကမ္ဘာ့လက်ဝှေ့ပွဲများမှာဖြစ်ဖြစ် "ပူးတွဲသရေ"ဟု မရှိနိုင်ပါ။ "သရေ" ဟူသော ဝေါဟာရသာရှိနိုင်ပါသည်။ နှစ်ယောက်ယှဉ်ပြိုင်ပြီး အရှုံးအနိုင်မပေါ်လျှင် "သရေ"ဟူ၍သာ ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။ သရေကျသည်ဟူ၍လည်းကောင်း၊ သရေပွဲဟူ၍လည်းကောင်း ပြောဆိုနိုင်ပါသည်။ တစ်ယောက်ချင်းပြိုင်ရသောပွဲများတွင် အရှုံးအနိုင်မပေါ်လျှင် "သရေပွဲ"အဖြစ် ကြေညာရပါသည်။ သရေကျသည်ဟု ဆိုပါသည်။

သို့ဖြစ်လျှင် "ပူးတွဲ"ဟူသော ဝေါဟာရကို မည်သည့်အခါ၊ မည်သည့်နေရာတွင် သုံးမည်နည်း။ စောကြောစရာရှိလာပါသည်။

"ပူးတွဲ" ဟူသော ဝေါဟာရကို ခေါ်ဝေါ်သုံးနှုန်းရန်ဖြစ်သော ပြိုင်ပွဲမျိုးမှာ နှစ်ဦးတည်း၊ နှစ်သင်းနှစ်ဖွဲ့တည်း ယှဉ်ပြိုင်သော ပြိုင်ပွဲမျိုးမဟုတ်ပါ။ လူအများ၊ အသင်းအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြသော၊ ပါဝင်ယှဉ်ပြိုင်ရသော ပြိုင်ပွဲမျိုးဖြစ်ပါသည်။ အဆင့်ဆင့်ယှဉ်ပြိုင်ပြီး လူအများထဲမှ အတော်ဆုံးလူ၊ အသင်းအဖွဲ့များထဲမှ အတော်ဆုံးအသင်းအဖွဲ့ကို ရွေးချယ်ရန် ယှဉ်ပြိုင်ရသော ပြိုင်ပွဲမျိုးဖြစ်ပါသည်။ ဖိုလ်ရွေးပွဲ၊ ချန်ပီယံရွေးပွဲ၊ ဖိုလ်လုပွဲ၊ ချန်ပီယံလုပွဲမျိုးတွင် "ပူးတွဲ" ဟူသော ဝေါဟာရကို သုံးရပါသည်။

လူအများ အဆင့်ဆင့်ယှဉ်ပြိုင်ပြီး သို့မဟုတ် အသင်းအဖွဲ့များ အဆင့်ဆင့်ယှဉ်ပြိုင်ပြီး နောက်ဆုံးတွင် လူလေးယောက်၊ သို့မဟုတ် အသင်းအဖွဲ့လေးဖွဲ့သာ ကျန်ပါတော့သည်။ ထိုလူလေးယောက်၊ သို့မဟုတ် အသင်းအဖွဲ့ လေးသင်းတွင် ပထမနှင့် ဒုတိယအတွက် နှစ်ယောက်၊ သို့မဟုတ် နှစ်သင်း၊ တတိယနှင့် စတုတ္ထအတွက် နှစ်ယောက်၊ သို့မဟုတ် နှစ်သင်းဖြစ်ပါသည်။

ပထမနှင့် ဒုတိယအတွက် ယှဉ်ပြိုင်ရန် နှစ်ယောက်၊ သို့မဟုတ် နှစ်သင်းသည် ဖိုလ်လုပွဲတက်ရသည့် လူနှစ်ယောက်၊ သို့မဟုတ် ဖိုလ်လုပွဲတက်ရသည့် အသင်းအဖွဲ့ နှစ်သင်းဖြစ်ပါသည်။ ထိုသူနှစ်ယောက်၊ သို့မဟုတ် ထိုအသင်းနှစ်သင်း ယှဉ်ပြိုင်ကြရာတွင် အနိုင်အရှုံးပေါ်လာပါက နိုင်သောလူ၊ သို့မဟုတ် နိုင်သောအသင်းသည် ဖိုလ်စွဲပါသည်။ တစ်နည်းဆိုသေးသော် ချန်ပီယံဖြစ်ပါသည်။ အနိုင်အရှုံးမပေါ်ပါက နှစ်ယောက်စလုံး၊ သို့မဟုတ် နှစ်သင်းစလုံးကို ပူးတွဲချန်ပီယံဟု သတ်မှတ်ရပါသည်။

ထို့နောက် ကျန်နှစ်ယောက်၊ သို့မဟုတ် ကျန်နှစ်သင်းကိုလည်း တတိယနှင့် စတုတ္ထအတွက် ယှဉ်ပြိုင်စေပါသည်။ ထိုအခါတွင်လည်း အနိုင်အရှုံး အဖြေမပေါ်ပါက ပူးတွဲတတိယဆု ရရှိကြပါသည်။ တစ်ခါတစ်ရံ ထိုနှစ်ယောက်၊ သို့မဟုတ် ထိုနှစ်သင်းကို မယှဉ်ပြိုင်စေတော့ဘဲ ပူးတွဲတတိယဆု ပေးလိုက်ပါသည်။ ထို့ကြောင့် ပူးတွဲဆိုသည်မှာ ပူးတွဲချန်ပီယံနှင့် ပူးတွဲတတိယတို့သာ ရှိပါသည်။ ပူးတွဲသရေဟူ၍ မရှိပါ။

> **❖ ကျွန်တော်တင်ပြလိုသည့် အဓိကအချက်မှာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွင် သုံးနှုန်းကြေညာနေသော "ပူးတွဲသရေ"ဟူသော ဝေါဟာရအသုံးအနှုန်းဖြစ်ပါသည်။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲမှာဖြစ်ဖြစ်၊ အခြားကမ္ဘာ့လက်ဝှေ့ပွဲများမှာဖြစ်ဖြစ် "ပူးတွဲသရေ"ဟု မရှိနိုင်ပါ။ "သရေ" ဟူသော ဝေါဟာရသာ ရှိနိုင်ပါသည်။ နှစ်ယောက်ယှဉ်ပြိုင်ပြီး အရှုံးအနိုင်မပေါ်လျှင် "သရေ"ဟူ၍သာ ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။ သရေကျသည်ဟူ၍လည်းကောင်း၊ သရေပွဲဟူ၍လည်းကောင်း ပြောဆိုနိုင်ပါသည်။ တစ်ယောက်ချင်းပြိုင်ရသောပွဲများတွင် အရှုံးအနိုင်မပေါ်လျှင် "သရေပွဲ"အဖြစ် ကြေညာရပါသည်။ သရေကျသည်ဟု ဆိုပါသည်**

စာဖတ်သူအများသိပြီးသား အနိုင်အရှုံးစနစ်အကြောင်း ရှင်းပြနေမိသဖြင့် စာအတော် ရှည်သွားရပါသည်။ ကျွန်တော်အဓိက တင်ပြလိုသေးသည်မှာ "သရေ"ဟူသော ဝေါဟာရ၏ အနက်ဖြစ်ပါသည်။

ယှဉ်ပြိုင်ကြရာတွင် အနိုင်အရှုံး မပေါ်သည်ကို သရေ၊ သရေပွဲ၊ သရေကျသည် စသည်ဖြင့် ပြောဆိုသုံးနှုန်းကြသော်လည်း သရေဟူသော ဝေါဟာရ၏ အနက်ကိုမူ သိသူရှားမည်ထင်ပါသည်။ ယခုကာလတွင် သရေဟူသော ဝေါဟာရ၏ အနက်၊ သရေဟူသော ဝေါဟာရ၏ ရင်းမြစ်ကို ပညာရှင်များ ဟုတ်ဟုတ်ညားညား ကြံဆဖော်ထုတ်ထားသည်ကို မတွေ့မိသေးပါ။ ကျွန်တော် အလွန်လေးစားရပါသော ဆရာတော် ဦးကောသလ္လကမူ သူ၏ ဗြဟ္မနိရုတ္တိနယသင်္ဂဟခေါ် မြန်မာစာလုံးပေါင်း ပြောင်းထုံးကျမ်း(၁၉၈၅)တွင် သရေကို "သ-အနက်မဲ့ ရှေ့ဆက်၊ (ရေ-) အရောင်အဆင်းမဲ့သော ရေကဲ့သို့ အနိုင်အရှုံးမဲ့သော ပြိုင်ပွဲ၊ တစ်နည်း တူရည်> တူရေ> တရေ> သရေ ပြောင်းကြံသော် အရည်အချင်းတူသော ပြိုင်ပွဲ" ဟု ဖွင့်ပြပါသည်။ ဆရာတော်၏ ဉာဏ်ပညာနှင့် နှိုင်းစာသော် ပေါ့ပြက်နေမည်လားဟု တွေးမိပါသည်။

ဤတွင် ဒုတိယကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ "သရေ" အနက်ဖွင့်ကို အားကိုးတကြီး ရှာရပါတော့သည်။ ဆရာတော်က သူ၏ ဝေါဟာရတ္ထပကာသနီကျမ်း (၁၁၃၁) ရည်- ရည်း- ရှည့် ဟူသော ခေါင်းစီးအောက်တွင် "သရည်းသည်" ဟူ၍ ဆိုမိန့်ခြင်းကား အောင်သည် ရှုံးသည်၊ ရဲသည် ကြောက်သည် မဟူရ၊ တူမျှသောနေခြင်းကို 'သရေသည်' ဆိုသည်။ ထို 'သရေသည်' ဟူသော ဝေါဟာရနှင့် သဘောကျတူသည်တွင် တစ်စိတ်မျှ ကွဲသင့်၏။ ကွဲဟန်ကား 'သရေသည်' ဟူသော စကားခွန်းက ရဲသည်၊ ကြောက်သည် မဆိုရ၊ တူမျှသော စိတ်ဖြင့် ပြေနေကြကာသာ၊ 'သရည်းသည်' ဟူသော စကားခွန်းကား စိတ်မပြေကြလျက် အပန်းအညောင်းဖြေလို၍ မျက်နှာမယှဉ် ရှုံကာရုံမျှ ကဲ့သို့သာရှိ၍ တစ်စိတ်မျှသာ ကွဲသင့်၏" ဟူ၍ ဆိုထားပါသည်။

ထူးခြားသည်မှာ 'သရည်းသည်' ဟူ၍လည်းကောင်း၊ 'သရေသည်' ဟူ၍လည်းကောင်း ကြိယာများအဖြစ် ပြထားပါသည်။ "သရည်း"၏ အဓိပ္ပာယ်ကား ပေါရာဏကျမ်းများအားလုံးတွင် "ခွာရှောင်" ဖြစ်ပါသည်။ "ဦးလေးငြီးငွေ့တိ ဒဗ္ဗမ္ဗမဟဲ့မဟိ သရည်းခွာရှောင်" (မောင်းထောင်ဆရာတော်၏ ပေါရာဏကထာ)

သရည်း၏အနက်ကို ခွဲစိတ်လေ့လာလျှင် 'သ'နှင့် 'ရည်း'ဟု ခွဲရပါသည်။ 'သ' ကား 'ဆက်စပ်' ဟူသော အနက်ရှိပစ္စည်း၊ ရည်းကား 'မှန်းရည်ကာမျှ၊ ရည်မှတ်ကာမျှ' ဟူသော အနက်ဟု ကြံဆရပါသည်။ အကယ်မပြုသေး၊ မှန်းရည်ကာမျှ၊ ရည်မှတ်ကာမျှ ဟု ဆိုလိုသည်။ တစ်နည်းဆိုသော် ရှောင်နေသည်၊ ဖယ်နေသည်၊ ဖဲနေသည်၊ ခွာနေသည်ဟုဆိုလိုပါသည်။ ပြိုင်ပွဲများတွင်မူ တစ်ဦးနှင့်တစ်ဦး တစ်သင်းနှင့်တစ်သင်း ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်ခြင်းမပြုဘဲ၊ မပြုစေဘဲ ရှိသည်ကို 'သရေ' ဟု သတ်မှတ်ပါသည်။ "ပူးတွဲသရေ" ဟု မခေါ်ရပါ။

## လှိုင်းဘွဲ့မြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် ရေဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဆန်အိတ်များအား ပေးအပ်

**လှိုင်းဘွဲ့ မေ ၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအုပ်စုအတွင်းရှိ ၂၀၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးသင့် ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ဆန်ဆိတ်များအား ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့နံနက်က ရွှေဂွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘားအံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လှိုင်းဘွဲ့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ က အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် ဆန်အိတ်များအား ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းဖြစ်ပွားမှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၂၁၅၃ စု၊ လူဦးရေ ၅၇၀၅ ဦးအတွက် တစ်ဦးလျှင် တစ်ရက် နှစ်ဘူးနှုန်းဖြင့် ၁၃ ရက်စာအတွက် စုစုပေါင်း ဆန်အိတ် ၇၇၃ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရထားလမ်းများ၊ လေဆိပ်များ၊ စစ်ကိုင်းတံတား(အင်းဝ)ပြိုကျမှုကြောင့် ရေလမ်းကြောင်းပိတ်ဆို့မှုများနှင့် ဆက်သွယ်ရေးစနစ်ချွတ်ယွင်းမှုများအား အမြန်ဆုံးပြင်ဆင်လျက် ပြန်လည်အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် နိုင်ငံ၏ အဓိကလေဆိပ်ကြီး နှစ်ခုဖြစ်သော နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကားလမ်းများ၊ ရထားလမ်းပိုင်းများနှင့် မန္တလေး – စစ်ကိုင်း လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား (အင်းဝ)တို့ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အတိုင်း အတာတစ်ခုအထိ ထိခိုက်မှုကြုံတွေ့ခဲ့ရသည်။

ရထားပို့ဆောင်ရေးကဏ္ဍ၏ အဓိကရထား လမ်းမကြီးဖြစ်သည့် ၃၈၆ မိုင် ရှည်လျားသော ရန်ကုန်–မန္တလေးရထားလမ်းပိုင်းတွင် ရထားလမ်း တာပေါင် ၆၀ နေရာနှင့် ရထားတံတား ၁၁ စင်းတို့ ပျက်စီးထိခိုက်မှု ဖြစ်ပွားခဲ့သည်။ ထို့အပြင် ငလျင်ဒဏ်ကြောင့် ပျဉ်းမနားဘူတာ၊ ပျော်ဘွယ် ဘူတာနှင့် သာစည်ဘူတာတို့၏ ယာဒ်ဝင်းများနှင့် အချို့လမ်းပိုင်းနေရာများ၌ သံလမ်းများ တွန့်ခေါက် ပျက်စီးမှုများ၊ ရထားပြေးဆွဲခြင်းဆိုင်ရာ ထိန်းချုပ်မှု ရုံးအဆောက်အအုံပျက်စီးမှုများ၊ သာစည်ဘူတာနှင့် ညောင်လွန့်ဘူတာတို့၏ ဘူတာအဆောက်အအုံ ပြိုကျပျက်စီးမှုများကြောင့် ရထားခရီးစဉ်များ ယာယီရပ်တန့်ထားရသည့်အတွက် မြန်မာ့မီးရထား အနေဖြင့် အဆိုပါပျက်စီးချွတ်ယွင်းမှုများအား အချိန် နှင့်တစ်ပြေးညီ အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက် ရှိရာ ရန်ကုန် – ပဲခူး – တောင်ငူ – နေပြည်တော် လမ်းပိုင်းအား ဧပြီ ၅ ရက်တွင် ပြန်လည် ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး၊ နေပြည်တော်– သာစည် လမ်းပိုင်းအား ဧပြီ ၄ ရက်တွင်လည်းကောင်း၊ သာစည်–မန္တလေး လမ်းပိုင်းအား ဧပြီ ၅ ရက် တွင်လည်းကောင်း ဖွင့်လှစ်နိုင်ရေးအတွက် လူအင်အား၊ စက်ပစ္စည်းအင်အားများဖြင့် ထိရောက်သော ထောက်ပံ့မှုများအသုံးချ၍ အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိသည်။



လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ငလျင်ဒဏ်ကြောင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေကြောင်းထိန်းသိမ်းရေးမျှော်စင်နှင့် လေကြောင်းဆက်သွယ်ရေးစနစ်ဆိုင်ရာ ဆက်စပ်အဆောက်အအုံများ ပြိုကျပျက်စီးမှုနှင့် ခရီးသည်နားနေဆောင်၏ အစိတ်အပိုင်းအချို့ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည့်အတွက် လေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းခဲ့ရပြီး အမြန်ဆုံးပြန်လည်ပြုပြင်၊ တပ်ဆင်မှုများဆောင် ရွက်လျက်ရှိသည်။ လေယာဉ်ပြေးလမ်းထိခိုက်မှု မရှိသဖြင့် မေ ၂၉ ရက်မှစ၍ ကယ်ဆယ်ရေး လေယာဉ်ခရီးစဉ်များအတွက် ပြန်လည်ဖွင့်လှစ် အသုံးပြုနိုင်ပြီဖြစ်သကဲ့သို့ ဧပြီ ၅ ရက်တွင် ပြည်တွင်းလေကြောင်း ခရီးစဉ်များကိုလည်း အစောဆုံး ပြန်လည်ပြေးဆွဲခွင့်ပြုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူပင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေယာဉ် ပြေးလမ်းပေါ်တွင် ချွတ်ယွင်းပျက်စီးမှု အနည်းငယ် ဖြစ်ပေါ်ခဲ့သောကြောင့် ပြုပြင်မွမ်းမံမှုများကို ထိရောက်စွာ ချက်ချင်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက် ယနေ့ နေ့လယ်ပိုင်းတွင် ပြေးလမ်း ပေ ၁၀၀၀၀ ကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်၍ ကယ်ဆယ်ရေး လေယာဉ်ခရီးစဉ်များအတွက် ပြန်လည်အသုံးပြုနိုင်ပြီဖြစ်သည်။ ပြည်တွင်း လေကြောင်းခရီးစဉ်များကိုလည်း ဧပြီ ၄ ရက်တွင် အစောဆုံး ပြန်လည်ခွင့်ပြုပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ရေကြောင်းပို့ဆောင်ရေး ကဏ္ဍအနေဖြင့် မန္တလေး–စစ်ကိုင်းလမ်းဟောင်းပေါ်ရှိ စစ်ကိုင်း တံတား (အင်းဝ)၏ ခုံးတံတားသံပေါင် ခြောက်ခု ပြိုကျပျက်စီးခဲ့သောကြောင့် ရထားလမ်းနှင့် မော်တော်ကားလမ်း ဆက်သွယ်မှုပြတ်တောက် လျက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဌာနပိုင်သင်္ဘောများဖြင့် မန္တလေးနှင့်စစ်ကိုင်း မြစ်ဆိပ်များသို့ ခရီးသည်နှင့် မော်တော်ယာဉ်များ အား အခမဲ့ပြေးဆွဲခြင်းကို နေ့စဉ်ဆောင်ရွက်ပေး လျက်ရှိသည်။ လက်ရှိတွင် ခုံးတံတားသံပေါင် ပျက်စီးမှုမရှိသော တိုင်အမှတ် ၅ နှင့် အမှတ် ၆ အကြားရှိ ရေလမ်းကြောင်းအား ရေယာဉ်များ သွားလာရန် ခွင့်ပြုပေးထားသည့်အပြင် ပျက်စီး ပြီး ရေထဲပြုတ်ကျနေသည့် ခုံးတံတားသံပေါင်များ အား ဖယ်ရှားရှင်းလင်းနိုင်ရန်အတွက် Survey လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ငလျင်ဒဏ် ထိခိုက်ခံခဲ့ရသည့် နယ်မြေများအတွင်း၌ ဆက်သွယ် ရေးစခန်း ၂၆၂၇၇ ခု ရှိသည့်အနက် ငလျင်ဒဏ် ကြောင့် ၆၇၃၀ တို့ ချွတ်ယွင်းပျက်စီးပြီး ဆက်သွယ်ရေး ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ရာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ကျွမ်းကျင်ဝန်ထမ်းများ၊ အရန်စက် ပစ္စည်းများဖြင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပျက်စီးခဲ့သည့် စခန်းများအနက် ၃၃၀၀ ပြန်လည် ကောင်းမွန်လာပြီဖြစ်သည်။ ထို့အတူ ငလျင်ဒဏ် ကြောင့် အနည်းငယ်ပျက်စီးသည့် နေပြည်တော် ဝန်ကြီးရုံးရှိ e-Learning Center နှစ်ခု၊ အကြီးစား ပျက်စီးခဲ့သည့် National Cyber Security Center အဆောက်အအုံနှင့် e-Government Data Center တို့အား အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး စီမံ ဆောင်ရွက်လျက်ရှိပြီး မကြာမီတွင် သတင်းအချက် အလက်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရထားလမ်းများ၊ လေဆိပ်များ၊ မြစ်ကြောင်းပို့ဆောင်ရေးလုပ်ငန်းစသည့် ပို့ဆောင် ရေး ကွန်ရက်များနှင့် ဆက်သွယ်ရေးကွန်ရက်များ၏ ချွတ်ယွင်းပျက်စီးမှုအခြေအနေများကို ပြည်ထောင်စု ဝန်ကြီး နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဦးစားပေးအလိုက် ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိပါကြောင်းနှင့် ပြင်းထန် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများနှင့် ဆက်စပ် ဒေသများသို့ မကြာမီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**



## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၂**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံ တစ်ဝန်းတွင် ဆောက်လုပ်ရေး လုပ်ငန်းများ အရှိန်အဟုန် ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့ တည်ဆောက်မှု လုပ်ငန်းများ အတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေ လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အား ဖြည့်တင်း ပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်း နယ်စပ်ကုန်သွယ် ရေးစခန်းမှတစ်ဆင့် တင်သွင်း လာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက် ရှိပြီး ယခု တန်ချိန် ၃၁၀၀ တင်ဆောင်လာသည့် ရေယာဉ် သည် ရန်ကုန်မြို့ ရွှေပြည်သာ မုတ္တမဆိပ်ကမ်းသို့ ယမန်နေ့ ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်းက ဈေးကွက် အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ယခုကာလ အတွင်း လိုအပ်သော ဘိလပ်မြေ ကို တင်သွင်းခွင့်ပြုထားပြီး ယခု ရေယာဉ်အပြင် ကျန်ဘိလပ်မြေ တင်ဆောင်လာသည့် ရေယာဉ် များပါ အပတ်စဉ် ဆက်လက် ရောက်ရှိလာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ပူးပေါင်းပါဝင်

**နေပြည်တော် ဧပြီ ၂**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကူညီ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင် ရွက်နိုင်ရန်အတွက် စေတနာရှင် ပြည်သူများ အသင်းအဖွဲ့များက အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ မြန်မာ– တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းသည် ငလျင်စတင် ဖြစ်ပွားသည့် မတ် ၂၈ ရက်မှစ၍ နေပြည်တော်ရှိ ဝန်ကြီးဌာနများ ရှိတာဝန်ရှိသူများနှင့် ဆက်သွယ် ကာ မီးစက်များလှူဒါန်းခြင်း၊ ငွေလှူဒါန်းခြင်း၊ တရုတ်နိုင်ငံမှ ရောက်ရှိလာသည့် ကူညီ ကယ်ဆယ်ရေး အဖွဲ့များနှင့်




ပူးပေါင်းကာ စကားပြန်ဆောင် ရွက်ပေးခြင်း၊ တရုတ်နိုင်ငံရှိ ကူညီကယ်ဆယ်ရေးအဖွဲ့အစည်း များနှင့် ဆက်သွယ်ဆောင်ရွက် ပေးခြင်းများကို အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသစ္စာ @ Mr Li Bo Bo ကိုယ်တိုင် အနီးကပ် ဦးစီးဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် KBZPay MMQR ကို ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မဆို QR Scan တစ်ခုတည်းအသုံးပြုကာ ငွေပေးချေနိုင်ပါသည်။




၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

( ဂ ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018**

သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**

## ယခုနှစ်သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပသွားမည်

နေပြည်တော် ဧပြီ ၂

လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့် ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း၌ ပြည်သူအချို့ သေဆုံးဒဏ်ရာရ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးဝမ်းနည်းကြေကွဲနေရသော ကာလဖြစ်ပါသဖြင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ကို အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန် အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## အင်းဝတံတား( စစ်ကိုင်း )ရေလမ်း ယာယီပြောင်းလဲသတ်မှတ်ထား

၁။ အင်းဝတံတား( စစ်ကိုင်း )ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄) အကြားမှ လည်းကောင်း သတ်မှတ်ပေးခဲ့ပါသည်။ ယခုအခါ ငလျင်ဒဏ်ကြောင့် သတ်မှတ်ရေလမ်းအတွင်းရှိ တံတားခုံးများ ပြိုကျခဲ့သဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်မှစ၍ အစုန်၊ အဆန် ယာယီရေလမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅) နှင့် (၆) အကြား သတ်မှတ်ပေးထားပါသည်။

၂။ ပြောင်းလဲမည့် ယာယီရေလမ်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ပေ ၄၀ ရှိပါသည်။ ရေလယ်တိုင် အမှတ်(၅) ၏ ထိပ်ပိုင်းတွင် ကွဲအက်မှုများ ဖြစ်ပေါ်နေသောကြောင့် ရေယာဉ်များ သတိထား၍ တံတားရေလမ်းကို ဖြတ်သန်းကြရန် လိုအပ်ပါသည်။

၃။ တံတားရေလမ်းကို ဖြတ်သန်းကြမည့် ရေယာဉ်များသည် ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားပါသည်။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# ပြည်တွင်းအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂**

ငလျင်ဘေးသင့်နေရာများတွင် ပြည်တွင်းအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အလိုက် ယနေ့တွင် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်၊ ရပ်ကွက်များ၌လည်း နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းများသည် ယနေ့နံနက်ပိုင်းမှ စတင်၍ အဖွဲ့များခွဲပြီး ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဟိုတယ်အေးချမ်းသာ ခြောက်ထပ်အဆောက်အအုံပြိုကျ၍ ပိတ်မိနေသူ နှစ်ဦးအနက် ကျား တစ်ဦးကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ တူကီယဲနိုင်ငံမှ GEA Search and Rescue အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ပြီး ကျန်တစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။

ထို့အတူ CITIC Myanmar နှင့် တရုတ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းတို့က ပညာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ယာယီမိုးကာတဲများ ပေးအပ်ခြင်းကို ယနေ့တွင် နေပြည်တော် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြပြီး တာဝန်ရှိသူများက ယာယီမိုးကာတဲများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်ထံ လွှဲပြောင်းပေးအပ်ကြသည်။

ထို့ပြင် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်များ၊ သူနာပြုအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးခွေးများ၊ အထောက်အကူပြုကားများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဆေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရွှေ့လျားဆေးကုသယာဉ်အသုံးပြု၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပေးခြင်း၊ သက်ကြီးရွယ်အိုများအား လုံခြုံစိတ်ချရသည့်နေရာများသို့ ရွှေ့ပြောင်းနေရာချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ယာယီမိုးကာတဲများ၊ ရွှေ့လျားရေသန့်မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြေရှင်းနိုင်ရေး ယာယီရေကန်များ၊ ငလျင်ဘေးသင့် ပြည်သူများနှင့်ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရေးအတွက် ရွှေ့လျားကုန်စိမ်း၊ ကုန်ခြောက်အရောင်း မော်တော်ယာဉ်များ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်လျက်ရှိသည်။



အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များအလိုက် လမ်း၊ တံတားများသည် ငလျင်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် အဆိုပါလမ်းများအား ပြည်သူများ အမြန်ဆုံး အဆင်ပြေချောမွေ့စွာ အသုံးပြုသွားလာနိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများကို စေတနာရှင်ပြည်သူများ၊ အသင်းအဖွဲ့များက စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များ၊ ဆေးဝါးများ လှူဒါန်းကြလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## နေပြည်တော်ရှိ အေးချမ်းသာဟိုတယ်တွင် ပိတ်မိနေသည့် အမျိုးသားနှစ်ဦးအား ပြင်းထန်ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ

**နေပြည်တော် ဧပြီ ၂**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အေးချမ်းသာဟိုတယ်တွင် ပိတ်မိနေသည့် ဟိုတယ်ပြင်/ထိန်း ဝန်ထမ်းဖြစ်သူ အသက် ၂၆ နှစ်ရှိ နိုင်လင်းထွန်းအား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး(အထူး) တပ်ဖွဲ့ဝင်များနှင့် တူကီယဲနိုင်ငံမှ GEA Search and rescue အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဧပြီ ၁ ရက် ညနေ ၃ နာရီတွင် စတင်ပြီး ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကြာချိန် ၉ နာရီခွဲ ကြာမြင့်ခဲ့ပြီး ည ၁၂ နာရီခွဲအချိန်တွင် နိုင်လင်းထွန်းအား အသက်ရှင်လျက် အောင်မြင်စွာကယ်ဆယ်နိုင်ခဲ့သည်။ ၎င်းအား ပြင်းထန်ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဟိုတယ်အတွင်း၌ အသက် ၂၆ နှစ်အရွယ် ထက်မောင်မောင်မှာလည်း ပိတ်မိကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှာဖွေကယ်ဆယ်ရေး(အထူး) တပ်ဖွဲ့ဝင်များ၊ တူကီယဲနိုင်ငံမှ GEA Search and rescue အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီမှစတင်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှုကြာချိန် ၃ နာရီ ၅၅ မိနစ်ခန့် ကြာမြင့်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် ထက်မောင်မောင်အား အဆောက်အအုံအတွင်းမှ အသက်ရှင်လျက် အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ကြောင်းနှင့် ဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel ၌ ပိတ်မိနေသည့်အမျိုးသားတစ်ဦးအား ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ

**နေပြည်တော် ဧပြီ ၂**

မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၁ x ၃၂ လမ်းကြား ၆၅ လမ်းရှိ Golden City Hotel ပြိုကျမှုတွင် ငါးရက်ကြာ ပိတ်မိနေသည့် ဟိုတယ်ဝန်ထမ်းဖြစ်သူ ဦးစန်းလွင် အသက် ၅၃ နှစ်အား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် တရုတ်နိုင်ငံ Blue Sky Rescue ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ နေ့မအား ညမနား အင်တိုက်အားတိုက် ကယ်ဆယ်ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၅ နာရီ ၄၆ မိနစ်ခန့်တွင် အသက်ရှင်လျက် အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် မန္တလေးမြို့ မန္တလာဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဖျာပုံမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဧပြီ ၂**

ဧပြီ ၂ ရက် မြန်မာစံတော်ချိန် ၂၂ နာရီ ၅၇ မိနစ် ၁၄ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၉၃ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ဖျာပုံမြို့၏ တောင်-အရှေ့တောင်ဘက် ၅၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၅ ဒသမ ၅၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၅ ဒီဂရီ၊ အနက် ၂၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက်ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။

ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံမှ နီပွန်ဖောင်ဒေးရှင်း၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အစိုးရ၊ ကူမင်းမြို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ယနေ့ရောက်ရှိကြသည့် နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုခဲ့ကြပြီး အဆိုပါကယ်ဆယ်ရေးအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဖိလစ်ပိုင်နိုင်ငံမှ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိလာစဉ်။



တရုတ်နိုင်ငံမှ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိလာစဉ်။



နီပေါနိုင်ငံမှ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိလာစဉ်။

## ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ



**နေပြည်တော် ဧပြီ ၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံပါဝင်သော ဈေးကားခြောက်စီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစတင်ကာ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ ပေးလျက်ရှိသည်။

မတ် ၃၀ ရက်မှ ဧပြီ ၂ ရက်အထိ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ နေသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာနှင့် နေပြည်တော်ကောင်စီဝန်ထမ်း အိမ်ရာတို့ရှိဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့(မနောသုခ) ၃၅၇၅ အိတ်၊ ဆန် ၅ ပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၂၀၊ ဆီပိဿာချိန် ၅၆၀၀၊ ဆား ၅၀ ကျပ်သားပါ အိတ် ၁၆၀၀၊ ဆား ၂၅ ကျပ်သားပါ အိတ် ၁၉၀၀၊ ငါးပိ ၂၀ ကျပ်သားပါ ဘူး ၉၁၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၁၀၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက် စွယ်တော်နန်းတည်းခိုခန်း၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦးအား ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ

**နေပြည်တော် ဧပြီ ၂**

မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက် စွယ်တော်နန်းတည်းခိုခန်း၊ RC သုံးထပ်အဆောက်အအုံပြိုကျမှုတွင် ငါးရက်ကြာ ပိတ်မိနေသည့် မူလတန်းကျောင်းအုပ်ဖြစ်သူ ဦးတင်မောင်ထွေး အသက် ၄၇ နှစ်အား စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းထွဋ်ဦး ဦးဆောင်၍ စစ်ကိုင်းခရိုင်/ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ပရဟိတ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မတ် ၃၀ ရက် နံနက် ၈ နာရီမှစတင်၍ နေ့မအား ညမနား အင်တိုက်အားတိုက် ကယ်ဆယ်ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှုကြာချိန် ၇၈ နာရီ ၄၅ မိနစ်ခန့်ကြာမြင့်ခဲ့ပြီး ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် အသက်ရှင်လျက်အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် စစ်ကိုင်းပြည်သူ့ဆေးရုံကြီး ခုတင်-၂၀၀ သို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး နမ့်စန်မြို့နယ်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် ရှေးဟောင်းစေတီတော်များအား ကွင်းဆင်းကြည့်ရှု

**နမ့်စန်(တ) မေ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း)နမ့်စန်မြို့နယ်၌ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ရှေးဟောင်းစေတီ နှစ်ဆူ မြေခပျက်စီးဆုံးရှုံးမှု အခြေအနေများကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်သည် မတ် ၃၀ ရက်က ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်သယံဇာတရေးရာဝန်ကြီးသည် ကျောင်းကုန်းကျေးရွာရှိ ဝမ်ပုံဆုတောင်းပြည့်စေတီတော် ထီးတော်ပြိုကျပျက်စီးသည့်နေရာသို့ သွားရောက်၍ နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးကြီးလင်းကို နှင့် တပ်မတော်သားများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ စေတီတော်ကြီးအား ရှေးမူမပျက် ပြန်လည်မွမ်းမံထီးတော်တင်လှူပူဇော်ရေး ကိစ္စများကို ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်သယံဇာတရေးရာ ဝန်ကြီးသည် တွန်ကျိုင်းကျေးရွာရှိ ရှေးဟောင်းမွေတော်စေတီတော် ထီးတော်ပြိုကျပျက်စီးမှု၊ စေတီရင်ပြင်အတွင်း အပျက်အစီးရှင်းလင်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးဆုံးခဲ့သည့် ရှေးဟောင်းမွေတော် စေတီတော်ကြီး၏ ထီးတော်နှင့် အရံစေတီတော်များအား ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။



အဆိုပါ တွန်ကျိုင်းကျေးရွာရှိ ရှေးဟောင်း မွေတော်စေတီတော်မှာ ဉာဏ်တော်အမြင့် ပေ ၁၁၀ ရှိပြီး နှစ်ပေါင်း ၂၀၀ ကျော် သက်တမ်းရှိကာ ငလျင်ဒဏ်ကြောင့် ထီးတော်နှင့် စေတီအပေါ်ဘက် ၁၅ ပေခန့်နှင့် အရံစေတီငယ်များ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦး ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၃၇၅ ဦး မြန်မာ - ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၆၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၃၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်း ပေးနိုင်ရေးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ငလျင်ဘေးသင့်ဒေသခံပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂**

ငလျင်ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ယနေ့အထိ သေဆုံးသူ ၃၇၇၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၁၅ ဦးနှင့် ပျောက်ဆုံးသူ ၃၅၁ ဦးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများမှ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကာ သေဆုံးသူ ၅၈၂ ဦးကိုလည်း ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့် ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံပေါင်း ငါးနိုင်ငံမှ လေယာဉ်စီးရေ ခြောက်စင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင် ၅၅ ဦး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် ထောက်ပံ့ရေး ပစ္စည်း စုစုပေါင်းတန်ချိန် ၃၅ ဒသမ ၅၀၅ တန် ရောက်ရှိခဲ့သည်။

ထိုသို့ ရောက်ရှိလာသည့် ပြည်တွင်း ပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ငလျင်ဒဏ်ကြောင့် လယ်ဝေးမြို့အတွင်း ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်း

**နေပြည်တော် မေ ၂**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်အပျက်အစီးများ ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လယ်ဝေးမြို့နယ်အတွင်း ဖောင်တော်ချက်မဘုရားအပါအဝင် ငလျင်ဒဏ်ကြောင့် ပြိုကျ ပျက်စီးခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များအား လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ပရဟိတအသင်းအဖွဲ့များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ တရားမဝင် ပို့ဆောင်ပေးနေသည့် တရားခံနှစ်ဦးအား ဖမ်းဆီးရမိမှု

**နေပြည်တော် မေ ၂**

မြန်မာ အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍ လည်းကောင်း၊ ငွေကြေးမက်လုံးပေး စည်းရုံး၍ လည်းကောင်း ခေါ်ဆောင်၍ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရန် ပွဲစားများနှင့် ချိတ်ဆက်ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုအရ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် လုံခြုံရေးအဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ ကားကြီးဝင်း အတွင်းရှိ မြတ်မင်္ဂလာမော်တော်ယာဉ်ဂိတ်၌ အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ လိမ်လည်ပို့ဆောင်နေသူ မြတ်သူအား အမျိုးသမီးငယ်တစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ မြတ်သူအား စစ်ဆေးချက်အရ အမျိုးသမီးများကို တရုတ်နိုင်ငံသို့ချိတ်ဆက်ပို့ဆောင်ပေးနေသည့် လူမှောင်ခိုပွဲစားဖြစ်သူ သန်းဌေးဝင်း(ခ)သန်းဌေးအား မတ် ၂၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်(စျ) ရပ်ကွက် ခေမာသီလမ်းရှိ Relex မိုတယ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအား စိစစ်ဖော်ထုတ်ချက်အရ မြတ်သူသည် Telegram မှတစ်ဆင့် ချစ်ကြိုက်ခဲ့သည့် အမျိုးသမီးငယ်နှင့်အတူ ၂၀၂၅ ခုနှစ် မတ် ၂၃ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ရွှေပြည်စံတည်းခိုခန်း၌ တည်းခိုနေထိုင်ခဲ့ကြောင်း၊ ထိုသို့နေထိုင်စဉ် ငွေကြေးလိုအပ်ချက်ကြောင့် ၎င်းအမျိုးသမီးငယ်၏ နားကပ်အား ငွေကျပ် ၂၀၀၀၀၀ ဖြင့်လည်းကောင်း၊ လက်ကိုင်ဖုန်းအား ငွေကျပ် ၁၃၀၀၀၀ ဖြင့် လည်းကောင်း ရောင်းချသုံးစွဲခဲ့ကြောင်း၊ ၎င်းနောက် မတ် ၂၇ ရက်တွင် မူဆယ်မြို့နေ လူမှောင်ခိုပွဲစားဖြစ်သူမီးမီးထံဆက်သွယ်၍ အမျိုးသမီးငယ်အား တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်လိုကြောင်း ပြောဆိုခဲ့ရာ မီးမီးကပွဲစားခအဖြစ် တရုတ်ငွေ ယွမ် ၂၀၀၀ နှင့် အမျိုးသမီးငယ်အတွက် တရုတ်ငွေ ယွမ် ၂၀၀၀၀ ရရှိမည်ဟု ပြန်လည်ပြောဆိုခဲ့ကြောင်း၊ ထို့နောက်



အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ လိမ်လည်ပို့ဆောင်သည့် တရားခံမြတ်သူ။





လူမှောင်ခိုပွဲစား တရားခံ သန်းဌေးဝင်း(ခ)သန်းဌေး။

အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ပေးနေသည့် တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်။





မြတ်သူက အဆိုပါအမျိုးသမီးငယ်အား မန္တလေးမြို့သို့ လိမ်လည်ခေါ်ဆောင်၍ ၎င်းမှတစ်ဆင့် မူဆယ်မြို့သို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မြတ်သူသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ၎င်းနှင့်ချစ်ကြိုက်နေသည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ အမျိုးသမီးတစ်ဦးအား ပြင်ဦးလွင်မြို့ရှိ အမေ့အိမ်တည်းခိုခန်းသို့ ခေါ်ယူပေါင်းသင်းခဲ့ကြောင်း၊ ၎င်းနောက် ပွဲစားဖြစ်သူ သန်းဌေးဝင်း(ခ)သန်းဌေး (ဖမ်းဆီးရမိ)နှင့် ဆက်သွယ်၍ ၎င်းအမျိုးသမီးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးရန် ပြောဆိုခဲ့ကြောင်း၊ ထို့နောက် ဖေဖော်ဝါရီ ၂၀ ရက်တွင် ၎င်းအမျိုးသမီးနှင့်အတူ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ ပြန်လာခဲ့ပြီး ကျွဲဆည်ကန်ကားကြီးဝင်းအနီးရှိ Power Land တည်းခိုခန်း၌ တည်းခိုနေထိုင်ခဲ့ကြောင်း၊ မတ် ၁၁ ရက်တွင် သန်းဌေးဝင်း(ခ)သန်းဌေးက ၎င်းအမျိုးသမီးအား တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရန် ငွေကျပ် သိန်း ၁၂၀ ဖြင့် ညှိနှိုင်းကာ မန္တလေးမြို့မှ မော်တော်ယာဉ်ဖြင့် မူဆယ်မြို့သို့ ပို့ဆောင်ခဲ့ပြီး တရုတ်နိုင်ငံ ရွှေလီမြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

လူမှောင်ခိုပွဲစားဖြစ်သူ သန်းဌေးဝင်း(ခ)သန်းဌေးသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်အထိ ဖမ်းဆီးရန်ကျန် လူမှောင်ခိုပွဲစားများဖြစ်သည့် ဇော်ထက်၊ သားကြီး၊ အခွန်၊ သူရဇော်တို့နှင့် ချိတ်ဆက်၍ အမျိုးသမီးငယ်နှစ်ဦးအား အလားတူတရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် သိန်း ၁၃၀ မှ ၁၄၀ အထိ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ် ဖော်ထုတ်သိရှိချက်အရ အမျိုးသမီးငယ်များအား Telegram မှတစ်ဆင့်ဆက်သွယ်၍ ချစ်ကြိုက်ကြောင်းလိမ်လည်လှည့်ဖြားစည်းရုံးပြီး ငွေကြေးရယူလိုမှုဖြင့် သွေးဆောင်ဖြားယောင်းကာ တရုတ်နိုင်ငံသို့ လိမ်လည် ပို့ဆောင်နေသည့် တရားခံမြတ်သူနှင့် လူမှောင်ခိုပွဲစား သန်းဌေးဝင်း(ခ) သန်းဌေးတို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော မီးမီး၊ ဇော်ထက်၊ သားကြီး၊ အခွန်နှင့်သူရဇော်တို့အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လူမှောင်ခို ပွဲစားများအနေဖြင့် မြန်မာအမျိုးသမီးငယ်များအား နည်းလမ်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်း၍ တရုတ်ဇနီးမယားအဖြစ် ပေါင်းသင်းစေရန် တရုတ်နိုင်ငံသို့ ပို့ဆောင်နေမှုများအား ထိထိရောက်ရောက် တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာမှ အချိန်နှင့်တစ်ပြေးညီ သတင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိသကဲ့သို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေးအတွက် မိဘပြည်သူများမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီပေါမြို့နယ် နောင်မွန်ကျေးရွာအနီး၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၆၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် FAW Tractor Head တစ်စီး၊ SHACMAN Tractor Head နှစ်စီး၊ Howo Sino Truk Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ငါးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၆၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၉၁၂၅) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Toyota Toyoace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၄၀၄၈၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၅၂)၌မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၆၈၉၆၀၅) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၁၄၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၅၂၈၉၆၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၂၇၈၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၄၇၀၈၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၅၈၀၀၄၁၅) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှောင်လှုပ်မှုကြောင့် ပျက်စီးခဲ့သည့် တောင်ငူမြို့ ရွှေဆံတော် စေတီတော်မြတ်ကြီးပြုပြင်ရန် သြဝါဒခံယူပွဲအခမ်းအနားကျင်းပ

**တောင်ငူ မေ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန် လျှောင်လှုပ်ခတ်မှုကြောင့် တောင်ငူမြို့၏ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ထီးတော်တိမ်းစောင်းခြင်း၊ ထီးတော်မှ ခေါင်းလောင်းတော်နှင့် ပစ္စည်းများ ပြုတ်ကျခြင်း၊ ကြာမောက်အောက်တွင် အက်ကွဲခြင်း၊ တနင်္ဂနွေထောင့် ပန်းတင်ခုံအက်ကွဲခြင်း၊ အထက်ပစ္စယံ အက်ကွဲခြင်း၊ စောင်းတန်းများနှင့် အာရုံခံအထွတ်များပြုတ်ကျခြင်း၊ တိမ်းစောင်းခြင်း၊ စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံများ မျက်နှာကြက်များ ကွာကျခြင်းတို့ဖြစ်ပေါ်ခဲ့မှုကြောင့် အဆိုပါ ပျက်စီးမှုများအား ပြုပြင်ရန် သြဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဆံတော်စေတီတော်မြတ်ကြီး ကိုးခန်းဂန္ဓကုဋိဝင်သိမ်တော်၌ ကျင်းပသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးယဉ်ဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် ဂေါပကအဖွဲ့ဝင်များက သြဝါဒစရိယဆရာတော်အရှင်မြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပက ဦးယဉ်ဌေးကပြုပြင်ရန် ရှင်းလင်းလျှောက်ထားသည်။ ယင်းနောက် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ဦးရဲဝင်းက ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ပျက်စီးမှုများ ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ဖြည့်စွက်ရှင်းလင်းလျှောက်ထားရာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြာနီကန်စာသင်တိုက် ဆရာတော်ကြီးက ဦးဆောင်၍ ဆရာတော်အရှင်မြတ်များက သြဝါဒကထာ မြွက်ကြားသည်။

ဇော်ကိုကို (တောင်ငူ)

## ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး(ကျိုင်းတုံ)၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် အခမ်းအနားပြုလုပ်

**ကျိုင်းတုံ မေ ၂**

နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံး(ကျိုင်းတုံ)ရုံးရှေ့ရှိ တိုင်ဝက်လျှော့ချ၍ လွှင့်ထူထားသော နိုင်ငံတော်အလံတိုင်ရှေ့တွင် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်အေးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက မေ ၁ ရက်က ဦးညွှတ်ဂါရဝပြုကြသည်။ အဆိုပါအခမ်းအနားများကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်၊ ကျေးရွာများတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



## ဖျာပုံမြို့၌ သက်ကြီးရွယ်အိုများအား သွားတု(အံကပ်)များ အခမဲ့တပ်ဆင်ပေး

**ဖျာပုံ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများအား သွားတု(အံကပ်)များ အခမဲ့တပ်ဆင်ပေးခြင်းကို မေ ၁ ရက်က ဖျာပုံပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

အဆိုပါ သက်ကြီးရွယ်အိုများအား သွားတု(အံကပ်)များ အခမဲ့တပ်ဆင်ပေးရာတွင် ဒေါက်တာခင်မောင် ညွှန်ကြားရေးမှူး (သွားကျန်းမာ)၊ ကုသရေးဦးစီးဌာန နေပြည်တော်မှဦးဆောင်သည့် ဆရာဝန်ကြီးများ၊ သွားတုပညာရှင်များ ပါဝင်သော ၁၃ ဦးအဖွဲ့နှင့် ဖျာပုံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ မြို့နယ်အတွင်းရှိ ပြည်သူများအား သွားကျန်းမာရေးစစ်ဆေးကုသပေးပြီး သက်ကြီးရွယ်အို ၅၁ ဦးအား သွားတု(အံကပ်)များ အခမဲ့တပ်ဆင်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဒေါက်တာမြတ်မြတ်အုန်းခင်၊ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယု၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်လေး၊ ဖျာပုံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းနှင့် ဖျာပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းနိုင် (ပြန်/ဆက်)

## Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများတွင် ထိုင်းကစားသမားပါဝင်လာ

**ရန်ကုန် မေ ၂**

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group (MMAG) တို့ ပူးပေါင်းစီစဉ်သည့် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ကလပ်ပေါင်းစုံမှ ရိုးရာလက်ဝှေ့ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ သုံးချီပြိုင်ပွဲ တွဲဆိုင်း ၁၀ ဆိုင်းတွင် မျိုးဆက်သစ်ထိုင်းလက်ဝှေ့ကစားသမား ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပြီး စကိုင်းနက်ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး



## ရွှေတောင်မြို့နယ်အတွင်း မိုးစပါးပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်စိုက်ပျိုးခဲ့သည့် တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**ရွှေတောင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ရာဂီမုန်တိုင်း မတိုင်မီကာလ ရေကြီးရေလျှံမှုကြောင့် ရွှေတောင်မြို့နယ်အတွင်း မိုးစပါးပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်စိုက်ပျိုးခဲ့သည့် တောင်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သွင်းအားစုဖိုး ၂၅ ရာခိုင်နှုန်း ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ထို့နောက် ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ (မြို့နယ်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ) ဦးဟံဝင်းအောင်က ရွှေတောင်မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါး စိုက်ဧက ၅၀၇၃ ဧကတို့အတွက် နိုင်ငံတော်မှ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၅၃၆၅၀၀၀၀ ထောက်ပံ့ပေးအပ်မှု အခြေအနေတို့ကိုရှင်းလင်းတင်ပြပြီး ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာတောင်သူများကိုယ်စား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။



ကိုကိုမင်း (ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ဝမ်းတွင်းမြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှု

**ဝမ်းတွင်း မေ ၂**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ပျက်စီးချွတ်ယွင်းခဲ့သော ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများပြုပြင်နေမှုကို တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဝမ်းတွင်းမြို့နယ် သဲတော(၁) ရပ်ကွက်အတွင်း မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဖြန့်ဖြူးရေး ထရန်စဖော်မာများ ပြုပြင်ဆောင်ရွက်နေမှုကို မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ ဝမ်းတွင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ အင်ဂျင်နီယာမှူး ဦးညီညီထွန်း (တောင်ကြီးပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး)၊ ဝမ်းတွင်းမြို့နယ် ဒုတိယမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးသိန်းထူးတို့က ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၈ ဒသမ ၂၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



အောင်သူရထံ AA အကြမ်းဖက်အဖွဲ့မှ ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းလွှာအား တွေ့ရစဉ်။



တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် ညနေ ၆ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာအုပ်စု ပဒုမ္မာကျေးရွာအနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် တောင်တော်ကျေးရွာဘက်မှ မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာဘက်သို့ ရဲနိုင်ဦး၊ အောင်ငွေမိုး၊ ထွန်းလှိုင်နှင့် ရှိုင်းကိုဇင်တို့ လေးဦး မော်တော်ဆိုင်ကယ်လေးစီးဖြင့် သယ်ဆောင်လာသည့် ဆာလာအိတ် ၁၂ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့ည ၇ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား ရှင်မှ ကျောက်ဆည်သို့ သယ်ဆောင်ခိုင်းသူ လွမ်းဇော်(ခ) ကိုပွားနှင့် နောင်သျှမ်းဝင်းတို့ နှစ်ဦးအား ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ တာဝန်ခံသယ်ဆောင်သည့် ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့နှစ်ဦးအား ရန်ကုန်-မန္တလေး လမ်းဟောင်း လယ်ကြီးကျေးရွာအနီးတွင် KLUGER မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှာင်မြို့နယ်အနီး တောအတွင်းရှိ လှိုဏ်မြောင်ထဲတွင် သိုဝှက်သိမ်းထားသည့် ဆာလာအိတ် ၁၅ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၉ သိန်း ထပ်မံသိမ်းဆည်း ရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ် ၈ ဒသမ ၂၂ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများမှာ သီပေါမြို့နယ် နားလွှမ့်ကျေးရွာနေ အိုက်စိုင်း(ခ)အိုက်စံ(ခ)စိုင်းနောင့်က ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့အား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်သို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ပြီး ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့မှ ရှင်မြို့နယ် ကျောက်ဂူပြင်ကျေးရွာနေ ဝင်းမင်းထက်(ခ) တေစ်(ခ)သားတစ်အား ရှင်မှ ကျောက်ဆည်သို့ တောလမ်းမှ သယ်ဆောင် ခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်းအနက် သိန်း ၄၀ အား ရန်ကုန်မှ မင်းတုန်းသို့ သယ်ဆောင်ခိုင်းသူ အောင်သူရအား ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းသည် AA အကြမ်းဖက်အဖွဲ့သို့ ငွေကြေးထောက်ပံ့နေသူဖြစ်ကြောင်း၊ ၎င်း၏စေခိုင်းချက်အရ ကျော်ခိုင်(ခ)ကျော်နိုင်(ခ)ဖြူသီး၊ ညီစန်းအောင်၊ အောင်ထွန်းလင်း (ခ)ညီညီနှင့် ဇော်နိုင်လင်းတို့သည် ရန်ကုန်မှ မင်းတုန်းသို့ စိတ်ကြွရူးသွပ်ဆေးပြားများအား အကြိမ်ကြိမ် ပို့ဆောင်ခဲ့ကြောင်း၊ အလားတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၈ သိန်းအား ရန်ကုန်မြို့တွင် လက်ခံသူ မျိုးမြင့်မောင်(ခ) မောင်မောင်နှင့် ထွေးမင်းခန့်(ခ) သားငယ်တို့အား မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်တွင် TOYOTA SPRINTER ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်များအရ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခိုင်းသူမှာ ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာနေ မစိန်မေ(ခ)ယမင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခို ဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက် အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်ရောင်းဝယ်ရာတွင် စီမံခန့်ခွဲသူ အိုက်စိုင်း (ခ) အိုက်စံ(ခ)စိုင်းနောင့် (သီပေါမြို့နယ်နေသူ)သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ အမှုကြီး ခြောက်မှုမှ အလိုရှိ တရားခံပြေးဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံ၍ သယ်ဆောင်ရောင်းဝယ်သူ မျိုးမြင့်မောင်(ခ) မောင်မောင်သည်လည်း ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုမှ အလိုရှိ တရားခံပြေးတစ်ဦးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**



ကျော်နိုင်(ခ)ကျော်နိုင်(ခ)ဖြူသီး



အောင်ထွန်းလင်း(ခ)ညီညီ



ဇော်နိုင်လင်း



မျိုးမြင့်မောင်(ခ)မောင်မောင်



ထွေးမင်းခန့်(ခ)သားငယ်



အောင်သူရ

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

ပူတာအိုမြို့၊ ဟိုခိုရပ်ကွက် (၂)နေ ဦးစောန္တဲ့တိန္န၏ အမည်မှန်မှာ ဦးစောန္တဲ့လုံတိန္န ဖြစ်ပြီး ၎င်း၏သမီးဖြစ်သူ ဒေါ်ခင်သန်းထွေး ၁/ပတအ(နိုင်) ၀၀၃၅၃၄ နှင့် ဒေါ်စွဲစီစီမြင့်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ အလက (ခွဲ) (ကံဖြူ)တွင် ကျောင်းအုပ်တာဝန်ထမ်းဆောင်နေသော ဒေါ်ဝင်းပပ(ခ) ဒေါ်ချစ်ချစ်ထွန်း (၁၃/မရန(နိုင်) ၀၀၀၇၀၇)မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်ဝင်းပပ(ခ) ဒေါ်ချစ်ချစ်ထွန်း

## ငလျင်အာမခံနှင့်ပတ်သက်၍ တင်ပြချက်

၂၈-၀၃-၂၀၂၅ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂) နာရီ (၅၁) မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် နှစ်တစ်ရာတွင် တစ်ကြိမ်မျှ ပေါ်ပေါက်လေ့ရှိသော အင်အားပြင်းထန်သည့် မြေငလျင်ကြီး (Mega Earthquake) ဖြစ်ပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် လှုပ်ခတ်ခဲ့သည့် ပြင်းထန်လှသည်ဟု သမိုင်းဝင်ခဲ့သော ပဲခူးမြေငလျင်ကြီး၏ ပြင်းအားမှာ ရစ်ချ်တာစကေး (၇.၃) ဖြစ်ပြီး ယခုငလျင်ကြီး၏ ပြင်းအားမှာ ရစ်ချ်တာစကေး (၇.၇) ဖြစ်ပါသည်။ ထိုမျှ ပြင်းထန်သော မြေငလျင်ကြီးကြောင့် လူ့အသက်ဆုံးရှုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ခြင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခြင်း၊ အိုးအိမ်မဲ့ဖြစ်ခြင်းများ ကြုံတွေ့နေရသည်ကို စိတ်နှလုံးညှိုးချုံးစွာ တွေ့မြင်ခံစားရပါသည်။

ဤပျက်စီးဆုံးရှုံးမှုများအတွက် ငလျင်အန္တရာယ် အာမခံထားသူများအား ယင်းတို့ရယူထားသည့် ငလျင်အန္တရာယ် အာမခံနှင့်လျှော်ညီသည့် လျော်ကြေးများကို အမြန်ဆောင်ရွက်နိုင်ရန် **"မြန်မာနိုင်ငံအာမခံအသင်း"**၏ အသင်းဝင် အာမခံကုမ္ပဏီများက ကြိုးပမ်းလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အာမခံကုမ္ပဏီများက ဆက်သွယ်မှုရရှိရန် ဆောင်ရွက်နေသည်ကို အထောက်အကူဖြစ်စေရန် ကာယကံရှင်များကလည်း ဖြစ်နိုင်ပါက (ဖြစ်နိုင်ပါက) မိမိတို့ အာမခံထားသော အာမခံကုမ္ပဏီအသီးသီးနှင့် ဆက်သွယ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**စာနာလေးစားစွာဖြင့်**
**မြန်မာနိုင်ငံအာမခံအသင်း**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 33W/54611, Yin Xiang 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေရည်ဖူး ၉/မဟမ(နိုင်)၀၆၇၃၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/68928, Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေးဦး ၉/စကတ(နိုင်)၀၆၅၄၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကျွန်းစုမြို့နယ်သမဝါယမအသင်းစုလီမိတက် ကျွန်းစုမြို့ အိတ်ပိတ်လေလံ(ပထမအကြိမ်) ကြော်ငြာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်သမဝါယမအသင်းစုလီမိတက်ပိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ ဘောတံတားလမ်းနှင့် လှိုင်းသစ်လမ်းထိပ်ရှိ မြေဧရိယာ (၀.၀၄၃)ဧက၊ ဦးပိုင်အမှတ် (၄၃)၊ ကွင်းအမှတ် (၁၄BS)ပေါ်တွင် ဆောက်လုပ်ထားသော ပေ (၂၀x၆၀) RC (၂)ထပ်အနက် လှိုင်းသစ်လမ်းရှိ ပေ (၂၀x၂၀)ပတ်လည် RC (၂)ထပ်နှင့် မြေ ပေ (၂၅x၂၅) အား လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လေလံပိတ်ရက်** - (၂-၅-၂၀၂၅)ရက် (သောကြာနေ့) ညနေ (၄:၀၀)နာရီ
**လေလံဖွင့်ရက်** - (၁၈-၄-၂၀၂၅)ရက် (သောကြာနေ့) နံနက် (၁၀:၀၀) နာရီ
**လေလံထုခွဲရောင်းချမည့်နေရာ** - မြို့တိမြို့၊ဆိပ်ငယ်ရပ်၊ ဘောတံတားလမ်း၊ ကျွန်းစုမြို့နယ် သမဝါယမအသင်းစုရုံးခန်း

**စုံစမ်းရန်**
၁။ ဖုန်း-၀၉-၂၅၂၈၁၆၀၀၂
၂။ ဖုန်း-၀၉-၂၅၁၁၄၅၉၄၇
၃။ ဖုန်း-၀၉-၂၅၃၇၀၅၃၁၁

ဒါရိုက်တာအဖွဲ့
ကျွန်းစုမြို့နယ်သမဝါယမအသင်းစု
ကျွန်းစုမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်(ယခင်ဗဟန်းတိုက်နယ်)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-ဂျေ)၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာဇလမ်း၊ မြေကွက်အမှတ် (၁၁၂/၁-ဃ)၊ အိမ်အမှတ်-၁၅(ဘီ)၊ ဧရိယာ(၀ဒသမ၁၈၂)ဧကရှိ ဒေါ်လှလှ အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော မြေကွက်နှင့် လူနေအိမ်တို့၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်လှလှ ၁၂/ဗဟန(နိုင်) ၀၅၅၄၇၃နှင့် သားသမီးများဖြစ်သော စိုင်းဆင်ဟာနက် ၁၂/မဂဒ(နိုင်) ၀၃၈၄၉၅၊ ဒေါ်နန်းမာ ၁၂/ဗဟန(နိုင်) ၀၅၅၂၆၀၊ ဒေါ်နန်းဆီဟာန္ဓန်း ၁၂/ဗဟန(နိုင်)၀၅၅၂၃၂တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်ဦး ၁၂/ဗဟန(နိုင်)၀၈၂၃၇၂မှ (၂၀-၁၁-၂၀၂၄)ရက်စွဲပါ စရန်ပေးစာချုပ် ဖြင့် အိမ်မြေတန်ဖိုး၏(၆၀)ရာခိုင်နှုန်းခန့်အား စရန်ငွေအဖြစ် ပေးချေ ဝယ်ယူထားကြောင်းနှင့် ရောင်းချသူများနှင့် ဝယ်ယူသူတို့ကြားတွင် အထက်ပါအိမ်မြေအရောင်းအဝယ်ကိစ္စပြီးပြတ်ခြင်းမရှိသေးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးသက်နိုင်ဦး | ဒေါ်ခင်မာလွင်(LL.B,D.B.L) |
| ၁၂/ဗဟန(နိုင်)၀၈၂၃၇၂ | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂) |
| အမှတ်-၂၉၊ ရွှေတောင်ကြား | အမှတ်(၁၁၂)၊ ဗိုလ်ချုပ်လမ်း၊(၅)ရပ်ကွက်၊ |
| လမ်း၊ ရွှေတောင်ကြား | ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၅၁၈၉၆၈၉ |
| (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် | |

## ငွေချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ပြည်မြို့နယ်တရားရုံးတော်၌ ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈

ဦးခင်မောင်သန်း (တရားလို) နှင့် ကရင်ယူစွပ်(ဖ်) (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အုန်းတောရပ်၊ မင်္ဂလာလမ်းနေ ကရင်ယူစွပ်(ဖ်) (DC-၁၃၈၃၇၂) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်သန်းက ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၃ ရက် (၁၃၈၇ခုနှစ်၊ တန်ခူးလဆုတ် ၁၁ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီ (၂) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထားဖြူ)
မြို့နယ်တရားသူကြီး
ပြည်မြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/46727, Anbo125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်မော်ဝင်း ၉/ခမစ(နိုင်) ၀၃၅၅၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/54269, HT BIR21490 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကိုကို ၉/အမရ(နိုင်) ၁၆၅၈၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဒေါ်ပပ | ပုသိမ် | အမှတ်(၃) | ၃၂/ကိုးသိန်းမြောက် | ၂၇/ဈ | ၀.၀၈၇ | အမည်ပြောင်း/တိုး |
| ၂ | နန့်အိမွန်ဆွေ | ပုသိမ် | အမှတ်(၃) | ၃၂/ကိုးသိန်းမြောက် | ၂၇/ဃ | ၀.၁၈၉ | အမည်ပြောင်း |
| ၃ | ဒေါ်သူဇာဝင်း | ပုသိမ် | အမှတ်(၁၃) | ၅၂/ရွှေဝတ်မှုံ | ၁၉-ခ | ၀.၁၂၅ | သက်တမ်းတိုး |
| ၄ | ဦးမျိုးလှိုင် | ပုသိမ် | အမှတ်(၅) | ၇၀/ပန်းတင်ကုန်း | ၆၆-ဈဈ ၆၆-ထ | ၀.၀၅၅ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၂၆၅၀, Honda Sonic FS125M ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းနိုင် ၉/မဟမ(နိုင်)၀၁၇၂၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/33789, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းသူ ၉/အမစ(နိုင်)၀၁၇၃၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(City Loft)၊ တိုက်အမှတ်(C/11)၊ အခန်းအမှတ်(205)၊ Type(Studio), Area(312)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဉာဏ်သစ်လှိုင် ၁၂/လမတ(နိုင်) ၀၁၆၃၂၁၊ ဒေါ်သန်းသန်းခိုင် ၁၂/ဗတထ(နိုင်) ၀၀၀၅၅၇ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်မထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အိဝေဇင်အောင်**
**၁၄/ဖပန(နိုင်)၁၄၉၁၇၀**
**ဖုန်း-၀၉-၄၂၀၀၄၃၂၀၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/6722, CHEVROLET MALIBU, S/L (4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်း ၁၂/အလန(နိုင်)၀၃၁၆၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## သကြ္ကန်တွင်း မိုးကုတ်ဝိပဿနာ (၇)ရက်စခန်းတရားပွဲ နှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈)ရပ်ကွက်၊ နာနတ်တောလမ်း၊ ကွ္ဘာရာမကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၁၃)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သကြ္ကန်တွင်း (၇)ရက်တရားစခန်းပွဲအား (၁၃-၄-၂၀၂၅)ရက်မှ (၁၉-၄-၂၀၂၅)ရက်အထိ မိုးကုတ်ဝိပဿနာ (၇)ရက်တရားစခန်းပွဲကြီးအား ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် တရားစခန်းပွဲဝင်လိုသူများနှင့် ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်များသည် (၁၁-၄-၂၀၂၅)ရက် နောက်ဆုံးထားစာရင်းပေးသွင်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**

ဖုန်း-၀၉-၂၅၁၁၁၅၆၈၀၊ ၀၉-၆၉၉၇၀၈၅၆၇၊ ၀၉-၇၃၁၈၅၉၁၆

## အမြတ်ဝေစု ထုတ်ယူရန် ကြေညာခြင်း

